ခန္တီစ ဧတံ မင်္ဂလမုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၉၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘယ်လ်ဂျီယံ ဒုတိယမြောက် အဲလ်ဘတ်ဘုရင်ထံသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့၌ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယမြောက် အဲလ်ဘတ်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရီချန်းမြို့အနီး ကမ္ဘာကျော် Three Gorges ရေလှောင်တာမံစီမံကိန်းလေ့လာ ရေအားလျှပ်စစ်စီမံကိန်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်သည့် အလားအလာများ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့်ဇနီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ဂျော့နှင့်ဇနီးတို့လိုက်ပါလျက် ဇူလိုင် ၁၃ ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ တရုတ်လေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ဟေဘေးပြည်နယ် ရီချန်းမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၈ နာရီတွင် ရောက်ရှိကြသည်။

ရီချန်းမြို့မှကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ရီချန်းမြို့ မြို့တော်ဝန် Mr.Guo Youming၊ ဟေဘေးပြည်နယ်နှင့် ရီချန်းမြို့တို့မှ အဆင့်မြင့်အရာရှိများနှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် ခေတ္တတည်းခိုမည့် ရီချန်းမြို့ရှိ

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၄ ရက်က စီမံကိန်းရှုရပ်မှနေ၍ Three Gorges Dam Projectလုပ်ငန်းခွင်တွင် ယန်စီမြစ်ပေါ်၌ ကျောက်သားတမံ တည်ဆောက်မှုလုပ်ငန်း၊ သင်္ဘောများ အလွယ်တကူသွားလာနိုင်ရန် အဆင့်ငါးဆင့်ဖြင့် ပြုလုပ်ထားသော ရေလမ်းကြောင်း အဆောက်အအုံတည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

နှစ်နိုင်ငံနားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်း မြန်မာ-တရုတ် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့သည် ၁၉၅၀ပြည့်နှစ် ဇွန်လ ၈ရက်နေ့မှ စတင်၍ သံတမန်ဆက်ဆံမှု ထူထောင်ခဲ့ကြသည်။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံတို့သည် တောတောင်ရေမြေချင်းဆက်စပ်ကာ မိုင်ပေါင်း ၁၃၇၀ (ကီလိုမီတာ ၂၂၁၀ခန့်) နယ်နိမိတ်ချင်း ရှည်လျားစွာ ဆက်စပ်နေသည့်အပြင် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကူးလူးဆက်သွယ်၍ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်လာခဲ့ကြသော သမိုင်းအစဉ်အလာရှိခဲ့သည်။

နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့သည် အချင်းချင်းလေးစားရေး၊ တန်းတူရည်တူဆက်ဆံရေး၊ တစ်ဦး၏ ပြည်တွင်းရေးကို တစ်ဦးကမစွက်ဖက်ရေး စသည့် မူဝါဒကိုအခြေခံ၍ နှစ်နိုင်ငံချစ်ကြည်ရေး ဖွံ့ဖြိုးတိုးတက်စေခဲ့ကြသည်။

ထို့အပြင် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ ယဉ်ကျေးမှု၊ အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ဇူလိုင်လ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ကြသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဇူလိုင်လ ၁၃ ရက်နေ့ ညနေပိုင်းတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Fujian ခန်းမသို့ သွားရောက်၍ ဂါရဝပြု တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် သမ္မတကြီး မစ္စတာဟူကျင်တောင်က-

"တရုတ်နိုင်ငံ၏ တစ်နိုင်ငံတည်းမူဝါဒကို မြန်မာနိုင်ငံက တစိုက်မတ်မတ် ထောက်ခံမှုပေးနေသည်ကို အထူးကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းရေးအတွက် တတ်နိုင်သမျှ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မည်သည့်အခါမှ ဝင်ရောက်စွက်ဖက်မှာမဟုတ်ကြောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကိုအခြေခံသည့် တရုတ်-မြန်မာဆက်ဆံရေးသည် ပြောင်းလဲခဲ့ခြင်းမရှိသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် နှစ်နိုင်ငံအကြားနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း"

စသဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုအား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံ၍ **နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး တိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်လေးစားရေး**တို့အတွက် ဆွေးနွေးခဲ့ပေသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလော်ဂန်အား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဟောင်ကောင်ခန်းမသို့ သွားရောက် တွေ့ဆုံ၍ **နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်ဖြစ်ထွန်းရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ စီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်ရေး**တို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

သို့ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးလျက် ရှိသည့်အလျောက် နှစ်နိုင်ငံနားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိပြီး နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးများ လားရှိုးနှင့် သိန္နီမြို့နယ်များအတွင်း စိုက်ပျိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၀

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၇ ရက်နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် တိုင်းစံပြနှစ်ရှည်ပင် ဆင်းရွှေလီပျားလိမ္မော်စိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကိုလည်းကောင်း၊ စံပြနှစ်ရှည်ပင်မက္ကဒေးမီးယားပျိုးပင် ၅၀၀၀၊ ကတ်တီးမိုးကော်ဖီပျိုးပင် ၁၀သိန်း ပျိုးဥယျာဉ်ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်အတွင်းရှိ စံပြနှစ်ရှည်ပင်ဆင်းရွှေလီ လိုက်ချီးပင် ၁၀၀၀ စိုက်ခင်းအကြား ပဲပုပ်၊ နေကြာ(သီးညှပ်) စိုက်ခင်းဖြစ်ထွန်းအောင်မြင်မှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့်တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် လားရှိုးမြို့နယ် တာပုံဒေသ နှစ်ရှည်သီးနှံကုန်းမြင့်စိုက်ပျိုးရေးဇကေ ၁၀၀၀၊ စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက နှစ်ရှည်သီးနှံ ကုန်းမြင့်စိုက်ပျိုးရေးလုပ်ငန်းတွင် တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စက်ယန္တရားအင်အား၊ လူအင်အားများ အသုံးပြုဆောင်ရွက်ရေး၊ ရာသီမရွေး စိုက်ပျိုးရေရရှိရေးအတွက် ခေတ်မီရေဖိအားသုံး(Hydrum)စနစ်ဖြင့် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် လားရှိုးမြို့အထွက် ကုန်းမြင့်ယာမြေ(၁)၊ ဇကေ ၁၀၀၀ မျိုးစေ့ထုတ်ဇုန်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်အတွင်းရှိ ဆင်းရွှေလီအထူးအထွက်တိုး နေကြာ၊ ပဲပုပ်၊ မြေပဲမျိုးစေ့များ၊ သစ်ဆိမ့်မျိုးစေ့များနှင့် ပျိုးပင်များကိုလည်းကောင်း၊ ကုန်းမြင့်ယာမြေတစ်ဇကေ ၁၀၀၀အတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော သစ်ဆိမ့်စိုက်ခင်း၊ မြေပဲ၊ နေကြာ(သီးညှပ်)စိုက်ခင်းများနှင့် သစ်ဆိမ့်စိုက်ခင်း၊ ပဲပုပ်၊ နေကြာ (သီးညှပ်)စိုက်ခင်းများကိုလည်းကောင်း၊ ငါးမွေးမြူရေးကန်အမှတ်(၈)သို့လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဟင်းသီးဟင်းရွက်ပဒေသာစိုက်ခင်း

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ဟင်းသီးဟင်းရွက် ပဒေသာစိုက်ခင်း၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ရာသီအလိုက် သီးပင်စားပင် ဟင်းသီးဟင်းရွက်ပင်များနှင့် ဇကေ ၁၀၀၀မျိုးစေ့ထုတ်ဇုန်အတွင်း၌ သုံးနှစ်သက်တမ်းရှိ မက္ကဒေးမီးယားပင်နှင့် ခေတ်မီရေဖြန့်ဝေရေးစနစ်ဖြင့် ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးထားရှိသည့် မက္ကဒေးမီးယားပင် ၃၅၀၀၊ ပျားလိမ္မော်ပင် ၂၀၀၀(သီးညှပ်)စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် တိုင်းစစ်ဌာနချုပ်နှင့် ပြည်နယ်စိုက်ပျိုးရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော တစ်နှစ်သုံးသီး၊ စပါးနှစ်သီး၊ ရာသီ သီးနှံတစ်သီး သုတေသနစံပြဇကေ ၅၀ စိုက်ခင်း၌ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး(F-1)မျိုးစေ့ထုတ်စိုက်ခင်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးလုပ်ငန်းဇကေ ၅၀၀၊ ဘုံမွှန်စိုက်ပျိုး မွေးမြူရေးစခန်းသို့ သွားရောက်၍ ဆင်းရွှေလီအထူးအထွက်တိုး နေကြာဇကေ ၅၀ စိုက်ခင်းနှင့် ပျားအုံ ၅၀၀မွေးမြူထားရှိမှု၊ ပျားရည်ထုတ်လုပ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးများသည် သိန္နီတပ်နယ်၊ မိုင်းလီကုန်း မြင့်ယာမြေဇကေ ၁၀၀၀ အတွင်းရှိ စပါးလင်ဆီမွှေးစိုက်ခင်းသို့လည်းကောင်း၊ သိန္နီမြို့နယ် မိုင်းလီစံပြကျေးရွာတန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ သိန္နီမြို့နယ် မန်ပြိန်းကျေးရွာအုပ်စုအတွင်း နှစ်ရှည်သီးနှံကုန်းမြင့်စိုက်ပျိုးရေးဇကေ ၂၀၀၀ စိုက်ပျိုးရေးဇုန်၌ ကုန်းမြင့်ယာမြေဖော်ထုတ်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ သိန္နီမြို့နယ် မြို့မအုပ်စုအတွင်း ဒေသခံတောင်သူများ စိုက်ပျိုးလျက်ရှိသည့် ဆင်းရွှေလီအထူး အထွက်တိုး စပ်မျိုးစပါး(F-1)မျိုးစေ့ထုတ်စံပြဇကေ ၃၀ စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဇူလိုင် ၅ရက်က အမှတ်(၃၄) ဓမ္မစိန္တာလမ်း ကျားကွက်သစ်ရပ်ကွက်နေ ဦးမြဟန်မိသားစုက ကွယ်လွန်သူ ဒေါ်နီနီအားရည်စူး၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး ငွေပဒေသာပင်အတွက် အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံဌာနခွဲမှူး (စီမံ) ဦးသိန်းမောင်က လက်ခံရယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -The State (ပထမနှစ်-ဥပဒေပညာ အထူးပြု)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း-၈)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **"မဂ္ဂင်ယာဉ်ကြီးအမြန်စီး ခရီးထွက်တော့မည်"**
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် အယောင်ဆောင်စွမ်းအားရှင်"** (အပိုင်း-၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၄ ရက်က ဟေဘေးပြည်နယ်ရှိ Three Gorges Dam Exhibition Centre၌ China Yangtze Three Gorges Project Development Corporationမှ စီမံကိန်းအထွေထွေမန်နေဂျာ Mr.Li Yonganက ရီချန်းမြို့အနီးရှိ ကမ္ဘာကျော် Three Gorges Dam Projectနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုလေ့လာ

■ ရှေ့ဖုံးမှ

Taohualing Hotel သို့ ရောက်ရှိကြပြီး ရပ်နားကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရီချန်းမြို့ မြို့တော်ဝန် Mr. Guo Youming လိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီတွင် မော်တော်ယာဉ်များဖြင့် ဟေဘေးပြည်နယ်ရှိ Three Gorges Dam Exhibition Centre သို့ ရောက်ရှိကြရာ China Yangtze Three Gorges Project Development Corporationမှ စီမံကိန်းအထွေထွေမန်နေဂျာMr. Li Yongan နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းအထွေထွေမန်နေဂျာ Mr. Li Yongan က Three Gorges Dam Project ကို ပြည်တွင်းပညာရှင်များက ခေတ်မီနည်းများဖြင့် ပုံစံရေးဆွဲခဲ့မှု၊ Three Gorges Dam Project မှာ ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်ပြီး ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားများဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသို့ အထောက်အကူပြုနိုင်မည့် အခြေအနေ၊ စီမံကိန်းတည်ရှိရာ ဒေသ၏ စီးပွားရေး၊ လူမှုရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ Three Gorges Dam Projectအရ ဆောင်ရွက်နေသော မြေယာဖော်ထုတ်ခြင်းနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်း၊ ကျောက်၊ ကျောက်စရစ်၊ သဲထုတ်လုပ်ခြင်း၊ ကွန်ကရစ် ဖျော်စက်လုပ်ငန်းစနစ်၊ရေလွှဲ လုပ်ငန်း၊ ယာယီသင်္ဘောလမ်း တည်ဆောက်ခြင်း လုပ်ငန်း၊ အမြဲတမ်းသင်္ဘောလမ်း တည်ဆောက်ခြင်းလုပ်ငန်း၊ ကွန်ကရစ်တမံတည်ဆောက် ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်နေမှုနှင့် ဤစီမံကိန်းမှ နိုင်ငံတော်ကို အကျိုးပြုမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များအား Three Gorges Dam Project နှင့်ပတ်သက်သည့် မှတ်တမ်းတင်ဆလိုက်ဖြင့် စီမံကိန်းလုပ်ငန်းများကို ပြသရှင်းလင်းသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စီမံကိန်းအထွေထွေမန်နေဂျာMr. Li Yongan တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ကျောက်သားတမံလုပ်ငန်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင် များသည် Three Gorges Dam Projectလုပ်ငန်းခွင် ရှုရပ်သို့ ရောက်ရှိကြပြီး ယန်စီမြစ်ပေါ်၌ကျောက်သားတမံတည်ဆောက်မှုလုပ်ငန်း၊ သင်္ဘောများ အလွယ်တကူ သွားလာနိုင်ရန် အဆင့်ငါးဆင့်ဖြင့် ပြုလုပ်ထားသော ရေလမ်းကြောင်း အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းနှင့် ယန်စီမြစ်ရေစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုလေ့လာကြရာ စီမံကိန်း အထွေထွေမန်နေဂျာ Mr. Li Yonganနှင့် စီမံကိန်းမှ တရုတ်ပညာရှင်များက Three Gorges Dam Project ၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှုရပ်၌ တရုတ်ပညာရှင်များနှင့်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မကျောက်သားတမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းအထွေထွေမန်နေဂျာ Mr. Li Yonganနှင့် ပညာရှင်များက တမံ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းသည်များကို တရုတ်ပညာရှင်များက ပြန်လည်ဖြေကြားကြသည်။

ရေအားလျှပ်စစ်စက်ရုံလေ့လာ

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်ထုတ်လုပ်မည့် စက်ရုံသို့ ရောက်ရှိကြရာ မဂ္ဂါဝပ် ၇၀၀ ရှိ တာဘိုင်ဂျင်နရေတာစက် ခြောက်လုံး တပ်ဆင်ပြီးစီးနေမှု၊ တာဘိုင်ဂျင်နရေတာစက်များ ဆက်လက်တပ်ဆင်နေမှုကိုလည်းကောင်း၊ ထိန်းချုပ်ခန်း၏ လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုကြသည်။

Three Gorges Dam Project အရ တည်ဆောက်နေသော ကွန်ကရစ်တမံမှာ ယန်စီမြစ်ကိုဖြတ်၍ တည်ဆောက်နေပြီး တမံအမြင့်မှာ၅၉၄ ပေ၊ တမံအလျားမှာ ၇၅၇၅ ပေ ရှိမည်ဟု

စာမျက်နှာ ၄ ကော်လံ ၁

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၂ ရက်က ပေကျင်းမြို့ရှိ အမျိုးသားပြတိုက် National Museum of China တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များအား ဇူလိုင် ၁၄ ရက်က ဟေဘေးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Luo Quingquan က ရီချန်းမြို့ Taohualing Hotel၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးရေးရာ ကိစ္စရပ်များဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်နေမှုများ ခင်မင်ရင်းနှီးစွာ ဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၃ ရက်က ပေကျင်းမြို့ရှိ All-China Women's Federation ဧည့်ခန်းမ၌ All-China Women's Federation ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှိုင်ရှုန် (Ms. Chen Xiurong) က တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၃ ရက်က ပေကျင်းမြို့ရှိ All-China Women's Federation ဧည့်ခန်းမ၌ All-China Women's Federation ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှိုင်ရှုန် (Ms. Chen Xiurong)နှင့် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

သိရှိရသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် မဂ္ဂါဝပ် ၇၀၀ရှိ စက် ၂၆ လုံး တပ်ဆင်မှာဖြစ်ပြီး တစ်နှစ် လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၈၄၇၀၀ သန်းထုတ်လုပ်နိုင်မည်ဟု သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ခေတ္တတည်းခိုရာ ရီချန်းမြို့ Taohualing Hotel သို့ ပြန်လည် ရောက်ရှိကြသည်။

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ဟေဘေးပြည်နယ် အုပ်ချုပ်ရေးမှူး Mr.Luo Qingquan က မွန်းတည့် ၁၂နာရီတွင် ရီချန်းမြို့ Taohualing Hotel ရှိ Spring of Peachblossom Hill ခန်းမသို့ လာ ရောက် တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာသို့ နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံ သံအမတ်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရီချန်းမြို့ မြို့တော်ဝန်၊ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိ ကြီးများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် မြန်မာနိုင်ငံနှင့် ဟေဘေးပြည်နယ်တို့ စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် အလားအလာများ၊ အထူးသဖြင့် ရေအားလျှပ်စစ် ထုတ်လုပ်သည့် စီမံ ကိန်းများ၌ အကျိုးတူ ပူးပေါင်း ဆောင် ရွက်နိုင်သည်များကိုလည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမို အထောက်အကူပြုစေသည့်ဆောင်ရွက် ဖွယ်ရာများကိုလည်းကောင်း ခင်မင် ရင်းနှီးစွာ ဆွေးနွေးပြောဆိုကြသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ကိုယ်စားလှယ်အဖွဲ့ ဝင်များအား ဟေဘေးပြည်နယ် အုပ် ချုပ်ရေးမှူး Mr. Luo Qingquan က ရီချန်းမြို့ Taohualing Hotel ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင် ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရီချန်း မြို့ World Peace Park သို့ သွား ရောက်၍ အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးကြပြီး စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့သို့ ဆက်လက်ထွက်ခွာ ရန် ရီချန်းလေဆိပ်သို့ ရောက်ရှိကြရာ ရီချန်းမြို့ မြို့တော်ဝန် Mr. Guo Youming နှင့် တာဝန်ရှိသူများက လေဆိပ်သို့လိုက်ပါပို့ဆောင်နှုတ်ဆက် ကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရီချန်းမြို့မှတစ်ဆင့် တရုတ်လေ ကြောင်း အထူးလေယာဉ်ဖြင့် ရှန်ဟိုင်း မြို့သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင်ရောက်ရှိကြရာ ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန် Mr. Tang Deng Jie နှင့် တာဝန်ရှိသူများက ကြိုဆိုကြ သည်။

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ရှန်ဟိုင်းမြို့ Jin Jiang Tower Hotel သို့ ရောက်ရှိ ကြသည်။

ကြည့်ရှုအားပေး

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် Shanghai Centre Theatre ၌ ပြသ သည့် ပျော်ပျောင်းသန်မာမှု အခြေခံ ကျွမ်းဘားသရုပ်ပြကွက်၊ မျက်လှည့် ပြကွက်နှင့် အခြားစွမ်းရည်ပြသမှု ပြကွက်တို့ဖြင့် ဖြေဖျော်မှုကို ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Jin Jiang Tower Hotel သို့ ရောက်ရှိ ရပ်နားကြသည်။

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဇူလိုင် ၁၃ ရက်က ပေကျင်းမြို့ရှိ All-China Women's Federation ဧည့်ခန်းမ၌ All-China Women's Federation ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှိုင်ရှုန် (Ms. Chen Xiurong) နှင့် လက်ဆောင်ပစ္စည်း အပြန်အလှန် ပေးအပ်ကြစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံသတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ ဇနီး ဒေါ်ခင်လေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ ဇနီး ဒေါ်စံယုံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးသိန်းလွင်၏ ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးစိန်ဂျော့နှင့် ဇနီး ဒေါ်ကြည်ကြည်ဦး၊ သံမှူးကြီး ဒေါ်သန်းသန်းဌေးတို့ လိုက်ပါလျက် ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီခွဲတွင် ပေကျင်းမြို့ရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ အမျိုးသားပြတိုက် ဒုတိယညွှန်ကြားရေးမှူး Guo Ping နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်ရှိ တရုတ်လူမျိုးတို့၏ သမိုင်းကြောင်းပြခန်းကို တစ်နာရီခွဲကြာမျှ ကြည့်ရှုလေ့လာကြရာ အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေအား အမျိုးသားပြတိုက်ဧည့်ခန်းမ၌ အမျိုးသားပြတိုက် ဒုတိယညွှန်ကြားရေးမှူး Guo Ping က ပြတိုက်စာအုပ်ကို လက်ဆောင်ပေးအပ်ပြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေကလည်း အမျိုးသားပြတိုက် ဒုတိယညွှန်ကြားရေးမှူးအား လက်ဆောင်ပစ္စည်း ပြန်လည် ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၁၃ရက် နံနက် ၉ နာရီခွဲတွင် ပေကျင်းမြို့ရှိ All-China Women's Federation သို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေအား All-China Women's Federation ဧည့်ခန်းမ၌ All-China Women's Federation ဒုတိယ ဥက္ကဋ္ဌ မိစ်ချမ်းရှိုရွန် (Ms. Chen Xiurong) က တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ဇနီးဒေါ်စံယုံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးသိန်းလွင်၏ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးစိန်ဂျော့၏ ဇနီး ဒေါ်ကြည်ကြည်ဦး နှင့် သံမှူးကြီး ဒေါ်သန်းသန်းဌေးတို့ တက်ရောက်ကြပြီး All-China Women's Federation ဒုတိယဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင်များ တက်ရောက် ကြသည်။

ရင်းနှီးစွာဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် All-China Women's Federation ဒုတိယဥက္ကဋ္ဌ မိစ်ချမ်းရှိုရွန်တို့သည် မိမိတို့နိုင်ငံအလိုက် အမျိုးသမီးရေးရာကိစ္စများ ဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းများအကောင်အထည်ဖော်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်း အခြေအနေများကို ခင်မင်ရင်းနှီးစွာ ပြောကြားဆွေးနွေးကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ဒုတိယဥက္ကဋ္ဌမိစ်ချမ်းရှိုရွန်က လက်ဆောင်ပစ္စည်းပေးအပ်ပြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေကလည်း ဒုတိယဥက္ကဋ္ဌမိစ်ချမ်းရှိုရွန်အား လက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌမိစ်ချမ်းရှိုရွန်နှင့် အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရထားလုပ်ငန်းများဆောင်ရွက်ပေးမည့် လုပ်ငန်းအခြေအနေများဆွေးနွေး

နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ်လိုက်ပါလာသော စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

စက်မှုကဏ္ဍပူးပေါင်းရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများဖြစ်သည့် China Metallurgical Construction Corporation(MCC)မှ President, Mr. Ma Yanliနှင့် အဖွဲ့ဝင်များ၊ China Machinery Complete Equipment Engineering Group(CMCC) မှ President, Mr. Lin Gangနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၁ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံစက်မှုကဏ္ဍများတွင်အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေး ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဦးအောင်သောင်းနှင့်အတူ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် စက်မှုညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်တို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်အား ဇူလိုင် ၁၂ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction Corporation မှ President, Mr. Ma Yanliနှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China CAMC Engineering Co.,Ltd. မှ President, Ms.Luo Yang နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Scivic Engineering Corporationမှ Mr. Shou Jinsong နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ Shandon Boshan Pumps Co.,Ltd. မှ President, Mr. Sun Longpinနှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Export and Credit Insurence Corporation (SINOSURE)မှ President, Mr. Tang Ruoxin နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China National Machinery Equipment Import & Export Corporation (CMEC) မှ Vice President, Mr. Cao နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ Shandon Weichi Import & Export မှ မန်နေဂျင်းဒါရိုက်တာ Mr. Wang Fengyiနှင့် အဖွဲ့ဝင်များသည် လည်းကောင်း ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

နှင့် ဆည်မြောင်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းလည်း တက်ရောက်သည်။

ညှိနှိုင်းဆွေးနွေး

ထို့အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ဇူလိုင် ၁၂ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် Tianjin Machinery Import & Export Corporation မှ ဥက္ကဋ္ဌ Mr. Sun Jin Rong နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China CAMC Engineering Co., Ltd. မှ President, Ms. Luo Yang နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China National Building Material Equipment Corporation (CBMEC) မှ Vice President, Ms. Feng Feng နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ China National Technical Import & Export Corporation (CNTIC) မှ President, Mr. Jiang Xin Sheng နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Textile Machinery and Technology Import & Export Corporation မှ Vice President Mr.Cheng Jing နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ China National Pharmacutical Foreign Trade Corporation မှ Vice President, Mr.Li Zhixin နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Beijing Bridge Machinery & Electric Co., Ltd. မှ Director Mr. Joseph Zhao နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Yinshan Ceremics Co.,Ltd.(Boshan Shandong) မှ President, Mr. Zhao Qin Lei နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Chenda Engineering Corporation of China မှ President, Mr. Cao Guang နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China National Machinery & Equipment Import & Export Corporation (CMEC) မှ Vice President, Ms.Zhou Li နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Hairan Jiayi Machine Import & Export Co., Ltd. မှ President, Mr.Zhang Sheng နှင့်အဖွဲ့ဝင်များသည် လည်းကောင်း၊ Hongga International Trading Co.,Ltd. မှ President, Mr. Bai Wei Hua နှင့် အဖွဲ့ဝင်များသည် လည်းကောင်း ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံကြရာတွင် ဝန်ကြီး ဦးအောင်သောင်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်မြင့်တို့ တက်ရောက်ကြသည်။

သတ္တုကဏ္ဍပူးပေါင်းရေး

အလားတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်အား China Nonferrous Metal Mining & Construction Co., Ltd. (CNMC) မှ ဥက္ကဋ္ဌ Mr. Zhang Jian နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၂ရက် မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ China Wanbao Engineering Corporation မှ ဥက္ကဋ္ဌ Mr. Li De နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင်လည်းကောင်း ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့်အတူ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးတို့ တက်ရောက်ကြသည်။

ထို့အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Norinco ကုမ္ပဏီမှ Executive Director, Mr. Ji De နှင့်အဖွဲ့ဝင်များသည် လည်းကောင်း၊ China Northern Locomotive & Rolling Stock Industry (Group) Corporation မှ Deputy President, Mr. Zhao Guangxing နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China CAMC Engineering Co., Ltd. မှ President, Ms. Juo Yan နှင့် အဖွဲ့ဝင်များသည်လည်းကောင်း ဇူလိုင် ၁၂ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၏ ရထားလုပ်ငန်းများတွင် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးကြသည်။

မဲခေါင်မြစ်ကြောင်းသွားလာရေး

အလားတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Ihang Chunkan အား ပေကျင်းမြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ရေကြောင်း၊ လေကြောင်း ခရီးစဉ်များ၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေး၊ မဲခေါင်မြစ်ကြောင်း၌ သင်္ဘောများ သွားလာရေးတို့ကို ဆွေးနွေးကြသည်။

လယ်ယာဆည်မြောင်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများညှိနှိုင်းဆွေးနွေး
စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးညှိနှိုင်း
လေကြောင်း၊ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး
ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ဆွေးနွေး
ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်အား တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက လာရောက် တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ထို့အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Minister of Information Industry, Mr. Wang Xudong သည် ဇူလိုင် ၁၂ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Beijing Hotel သို့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ရင်းနှီးမြှုပ်နှံမှုဆွေးနွေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Machinery & Equipment Import & Export Co., Ltd. မှ President, Mr. Yao Yuning နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Alcatel Shanghai Bell Co. မှ ဥက္ကဋ္ဌ Mr. Yuan Xin နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ Yangtze Optical Fibre & Cable Co., Ltd. မှ Chief Representative, Mr. Zhen Xin နှင့် အဖွဲ့ဝင်များသည် လည်းကောင်း ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးကဏ္ဍများတွင် ရင်းနှီး မြှုပ်နှံနိုင်မှု အခြေအနေများကို ဆွေးနွေးကြသည်။

အလားတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား SINOPEC ရေနံကုမ္ပဏီ၏ ကုမ္ပဏီ ခွဲဖြစ်သော Dangsheng Petroleum Development Corporation ၏ ဥက္ကဋ္ဌ Mr. Liu Xiaoming နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Worldbest Group Co., Ltd. မှ ဥက္ကဋ္ဌ ကိုယ်စား Mr. Jiang Chengxun နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Aviation Gas Turbine Co., Ltd. မှ Vice President, Mr. Yu Pei Min နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Huamqiu Contracting & Engineering Corporation မှ President, Mr. Wang Shi Hong နှင့် Lanthon Petroleum and Chemical Machinery Works ၏ Vice President, Mr. Ye Ruic တို့သည် လည်းကောင်း၊ Nanyang Huamei Petroleum Equipment Co. Ltd. မှ Vice President, Mr. Yin Yangjing နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Metallurgical Construction Corporation မှ President, Mr. Yanli Ma နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ China CAMC Engineering Co., Ltd. မှ President, Ms. Luo Yan နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ China National Petroleum Corporation မှ Vice President, Mr. Zhan Jijing နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China National Offshore Oil Corporation မှ Director, Mr. Sheng Jianbo နှင့် အဖွဲ့ဝင်များသည် လည်းကောင်း၊ China Petrochemical Corporation (SINOPEC) မှ Vice President, Mr. Zhang Yaocang နှင့် အဖွဲ့ဝင်များသည်လည်းကောင်း China Petroleum Technology &Development Corporation (CPTDC) မှ President, Mr. Hanliang Zhang နှင့် အဖွဲ့ဝင် များသည် လည်းကောင်း၊ ဇူလိုင် ၁၂ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Co.,Ltd. (YMEC) မှ President, Mr. Feng Ke နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက် နံနက် ၈နာရီခွဲတွင် ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့လာရောက် တွေ့ဆုံကြပြီး ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီရေအားလျှပ် စစ်စီမံကိန်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Machinery& Equipment Import & Export Corporation (SCMEC) မှ President, Mr.Yao Yuning နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး ရွှေလီ-မန္တလေး ကေဗွီ ၂၃၀ ဓာတ်အားလိုင်း စီမံကိန်း၊ ရွှေလီရေအားလျှပ်စစ် စီမံကိန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ China National Electric Equipment Corporation (CNECC) မှ President, Mr. Jia Ding နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းနှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ China International Trust & Investment Corporation (CITIC) မှ President, Mr. Sun Xiaowen နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး မုန်းရေအားလျှပ်စစ်စီမံကိန်း၊ ရဲရွာရေအား လျှပ်စစ်စီမံကိန်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မွန်းလွဲ ၁နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinohydro Corporation မှ Vice President, Mr. Liu Quitao နှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်၊ မုန်းနှင့် ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် China National Heavy Machinery Corporation (CHMC) မှ President, Mr. Lu Wenjun နှင့် အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်တွေ့ဆုံကြပြီး တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် ကွန်းရေအားလျှပ်စစ်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညနေ ၃ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dongfang Electric Corporation (DEC) မှ President, Mr. Luo Zhigang နှင့် အဖွဲ့ဝင်များသည် ဇီချွမ်ပြည်နယ်မှ တာဘိုင်ဂျင်နရေတာ ထုတ်လုပ်သည့် စက်ရုံအကြောင်းနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

(သတင်းစဉ်)

စိန်စည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၀

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာအတွင်း၌ သီတင်းသုံးဝါကပ်တော်မူမည့် သံဃာတော်အရှင်သူမြတ်များအား စေတနာရှင် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က စုပေါင်း၍ ဒုတိယဝါဆိုလဆန်း ၉ ရက် (ဇူလိုင် ၂၅ ရက်)တွင် သင်္ကန်းတစ်စုံလျှင်ကျပ်၂၀၀၀နှုန်းဖြင့် လှူဒါန်းမည်ဖြစ်သည်။ ဖုန်း-၅၈၁၁၆၇ သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်အောက်လွှတ်တော်အမတ်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်များဖြစ်ကြသည့် Mr.Toshiaki Endo, Mr.Ikuzo Sakurai, Mr.Hiromichi Watanabe, Mr.Ichiro Kamoshita, Mr.Mineichi Iwanaga, Mr.Hiroshi Imai နှင့် Mr. Koki Hagino တို့အား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝိပဿနာခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၀

အနာဂါမ်ဆရာသက်ကြီးဝိပဿနာ အဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့်(၁၁၂)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီးဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာ၌ ဇူလိုင် ၃၁ ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် ဇူလိုင် ၃၁ရက် ညနေ၃နာရီထက်နောက်မကျစေဘဲ မိမိတို့၏အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇေယျုပြာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ (က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၉-၇-၂၀၀၄

ရေးမြို့	၁၁ ဒသမ ၁၄ လက်မ
မောင်တောမြို့	၅ ဒသမ ၆၇ လက်မ
ခန္တီးမြို့	၃ ဒသမ ၉၈ လက်မ
ကျောက်တော်မြို့	၃ ဒသမ ၆၆ လက်မ
ထားဝယ်မြို့	၂ ဒသမ ၇၆ လက်မ

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာ မိုးရေချိန်

၂၀-၇-၂၀၀၄

ရန်ကုန်မြို့လယ်	၀ ဒသမ ၅၅ လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၃၅ လက်မ
ကမ္ဘာအေး	၀ ဒသမ ၃၁ လက်မ

ရေးမြို့ မိုးရေချိန် စံချိန်သစ်

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၄ ခုနှစ် ဇူလိုင် ၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ရေးမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၈၃ မီလီမီတာ (၁၁ဒသမ ၁၄လက်မ)သည် ယင်းမြို့၌ လွန်ခဲ့သောနှစ်ပေါင်း၄၁နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံးတိုင်းထွာ ရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၂၃၅ မီလီမီတာ (၉ဒသမ၂၅ လက်မ) ဖြစ်ပြီး ၁၉၇၀ ပြည့်နှစ် ဇူလိုင် ၄ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်ထားသည်။

မွန်-တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင် ရံဖန်ရံခါမိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဇူလိုင် ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၌ ဒေသအလိုက်နှင့် မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေကြောင်းသိရသည်။

ဇူလိုင် ၂၁ ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နေရာကွက်၍မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ဆပ်သွားတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရူပဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံ
၁၇:၃၀ ၇။ သီချင်းကြီးပဒေသာ
၁၇:၄၅ ၈။ မြန်မာစာ မြန်မာစကား
၁၈:၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၁၀ ၁၀။ Discovery
၁၈:၂၀ ၁၁။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၉:၂၀ ၁၅။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **"ပန်းမချစ်သောပန်းချစ်သူ"** (ခန့်စည်သူ၊ ဆုပန်ထွာ၊ နိုရာအန်း) (ဒါရိုက်တာ-မောင်နန္ဒ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် ဇူလိုင်လ ဂေါက်ရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မြန်မာနိုင်ငံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲနှင့်စပ်လျဉ်း၍နှိုးဆော်

ရန်ကုန် ဇူလိုင် ၂၀

အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ၂၀၀၄ ခုနှစ်အတွက် (၁၅)ကြိမ်မြောက် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ယခုနှစ် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာ ပြိုင်ပွဲဝင်ဝတ္ထုတိုသည် စာလုံးရေ၄၀၀၀မှ ၈၀၀၀ အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းပါရှိရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စာလုံးရေ၃၀၀မှ၉၀၀ အတွင်းပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ခေါင်းစဉ်မှာ 'ဖွံ့ဖြိုးဝေစည်မြန်မာပြည်' ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဟေဘေးပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Luo Qingquan က ရီချန်းမြို့ Taohualing Hotel ရှိ Spring of Peachblossom Hill ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ်စက်ရုံထိန်းချုပ်ခန်း ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၄ ရက်က Three Gorges Dam Project လုပ်ငန်းခွင်၌ ရေအားလျှပ်စစ်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်မှုလုပ်ငန်းနှင့် ထိန်းချုပ်ခန်း၏ လုပ်ငန်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မော နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုအခြေအနေများ ညှိနှိုင်းဆွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၄ ရက်က ရှန်ဟိုင်းမြို့ လေဆိပ်တွင် ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန် Mr. Tong Deng Jie နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဖျော်ဖြေမှုကြည့်ရှု

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၄ ရက်က ရှန်ဟိုင်းမြို့ **Shanghai Centre Theatre** ၌ ပြသသည့် ပျော့ပျောင်း သန်မာမှု အခြေခံ ကျွမ်းဘားသရုပ်ပြပွဲ၊ မျက်လှည့်ပြကွက်နှင့် အခြား စွမ်းရည်ပြသမှုပြကွက်ဖြင့် ဖြေဖျော်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

စုပေါင်းဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၄ရက်က ရီချန်းမြို့ **World Peace Park**၌ အမှတ်တရ သစ်ပင်စိုက်ပျိုးပေးကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များအား ဇူလိုင် ၁၄ရက်က ရှန်ဟိုင်းမြို့ လေဆိပ်တွင် ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန် **Mr. Tong Deng Jie** နှင့်တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဟေဘေးပြည်နယ်အုပ်ချုပ်ရေးမှူး **Mr. Luo Qingquan** က ရီချန်းမြို့ **Taohualing Hotel** ရှိ **Spring of Peachblossom Hill**ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

းစဉ်အောင်မြင်

ညှိနှိုင်းဆွေးနွေး

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေး

အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စက်မှုကဏ္ဍတွင်အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၅)

ပြောသင့်ပြောထိုက်တဲ့စကားကို ပြောရမှာဖြစ်တဲ့အတွက် ပေါက်စပြောကို ပြောရပါ့မယ် ခင်ဗျာ။ ဒီလိုပါခင်ဗျ၊ ၂၀၀၄ ခုနှစ် ဇူလိုင်လ၄ရက်နေ့ နံနက် ၆ နာရီမှာ VOA အသံလွှင့်ဌာနက ဘယ်လိုတွေထုတ်လွှင့်သွားသလဲဆိုရင် အိုင်ဗင်ဟိုးကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုသက်လွင်အား မြန်မာအစိုးရက ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ခဲ့ကြောင်း သတင်းပေးပို့ချက်ဆိုတဲ့ ခေါင်းစဉ်နဲ့ ထုတ်လွှင့်ကြေညာခဲ့ပါတယ် ခင်ဗျာ။

အဲ...VOA အသံလွှင့်ဌာနက ထုတ်လွှင့်သွားတဲ့ သတင်းအနှစ်ချုပ်ကို ကောက်နုတ်ဖော်ပြရရင် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတဲ့ အိုင်ဗင်ဟိုးမိုင်းလုပ်ငန်း ကုမ္ပဏီက မြန်မာဝန်ထမ်းတစ်ဦးဖြစ်တဲ့ ကိုသက်လွင်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလထဲမှာ ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်ခဲ့တဲ့အတွက် မြန်မာစစ်အာဏာပိုင်တို့က ဖမ်းဆီးထောင်ချခဲ့တယ်လို့ ထိုင်း-မြန်မာအခြေစိုက် AAPPခေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက ဇူလိုင်လ ၂ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်လိုက်တဲ့ အကြောင်း၊ အဲဒီ သတင်းထုတ်ပြန်ချက်မှာပဲ အိုင်ဗင်ဟိုးကုမ္ပဏီက နိုင်ငံခြားသားအရာရှိတစ်ဦးဟာ ဒေါ်အောင်ဆန်းစုကြည်ကိုသွားအတွေ့မှာ ကုမ္ပဏီဝန်ထမ်းဖြစ်တဲ့ ကိုသက်လွင်နဲ့အတူ သွားခဲ့ရာက နှစ်ဦးလုံးကို အာဏာပိုင်တွေက ဖမ်းဆီးလိုက်ပြီး နောက်ပိုင်းမှာ နိုင်ငံခြားသားအရာရှိကို ပြန်လွှတ်ပေးပေမယ့် ကိုသက်လွင်ကိုတော့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလထဲမှာ ထောင်ဒဏ်ခုနစ်နှစ်ချမှတ်လိုက်တဲ့အကြောင်း၊ ကိုသက်လွင်ရဲ့ မိသားစုက ဒီအဖြစ်အပျက်နဲ့ ပတ်သက်လို့ ရန်ကုန်မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းကို အကြောင်းကြားပြီး ကိုသက်လွင်နဲ့ အဆက်အသွယ်ရဖို့ ကြိုးစားခဲ့တယ်လို့ AAPP က ပြောတဲ့အကြောင်း ထုတ်လွှင့်သွားခဲ့သဗျ။

သို့ကလို VOAက သတင်းထုတ်လွှင့်တဲ့အပြင် အစဉ်အလာမပျက်ပေါ့လေ၊ သတင်းနောက်ဆက်တွဲအဖြစ် AAPPအတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီးအကောင်းစားကြီး တိတ်နိုင်နဲ့ဗျူးပြီး အခုကိစ္စကို ICRC (အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်း)က ဘယ်လိုတုံ့ပြန်အရေးယူထားသလဲတို့၊ ဘာပုဒ်မနဲ့ ဖမ်းဆီးထောင်ချသလဲတို့၊ အဲသလိုတွေ ဇာတ်နာအောင် ကြံဆောင်ထုတ်လွှင့်ခဲ့သဗျ။

ပြောပြန်တော့လဲ ပေါက်စလွန်ရာကျဦးမယ်ဗျာ၊ VOAအသံလွှင့်ဌာနဟာ အမေရိကန်အစိုးရက နိုင်ငံတကာကို ဖြန့်ကြက်ထားတဲ့ သတင်းမီဒီယာလုပ်ငန်းကြီးဖြစ်သလို သတင်းနည်းပညာတွေလဲ ခေတ်မီဆန်းသစ်နေမှာဖြစ်တယ်လို့ ပေါက်စတို့ ယုံကြည်ရင်းစွဲရှိတယ်ဗျာ။

ဒါပေမယ့်လို့ အဲဒီခေတ်မီဆန်းသစ်တဲ့ သတင်းနည်းပညာတွေနဲ့ ကိုယ့်ဆီရောက်လာတဲ့ သတင်းတွေကို သတင်းမှန်မမှန် စိစစ်စုံစမ်းတာ မလုပ်တော့ဘဲ တလွဲဆံပင်ကောင်း ဆိုသလိုမျိုး မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး မဟုတ်မမှန် လုပ်ကြံလိမ်ညာ ပုတ်ခတ်စွပ်စွဲတဲ့ သတင်းလိမ်မှန်သမျှ ဘာတစ်ခုမျှ မကျန်စေရအောင် မှန်မှန်ကြီး ထုတ်လွှင့်ပေးနေတာဟာ နိုင်ငံတကာ သတင်းမီဒီယာလောက အတွင်းမှာတော့ အတင်းအဖျင်းဌာနကြီးအဖြစ်နဲ့ သတင်းကြီးလာခဲ့တာကိုလဲ VOA က ဆရာသမားများ မကြားရလေရော့သလားလို့ ပေါက်စ ခေါင်းစားမိသဗျ။

အခုလဲ ဖြစ်ရပ်မှန်ကို ထိမ်ချန်ပြီး ကလိမ်ဉာဏ်နဲ့ ပို့လိုက်တဲ့ သတင်းလိမ်ကြီးကို ထုတ်လွှင့်နေတဲ့အပြင် နောက်ဆက်တွဲအဖြစ် မထူးဆန်းတဲ့ ဗျူးခန်းနဲ့ ဇာတ်နာအောင် လုပ်လိုက်သေးတာဟာ သတင်းမီဒီယာရဲ့ အကျင့်သိက္ခာအနေနဲ့ VOA ဟာ တစ်ပြားဖိုးမျှ မရှိတော့ဘူးလို့ ပေါက်စက ပြောရဲသဗျ။

ဘာလို့လဲဆိုတော့ သတင်းရဲ့အဖြစ်မှန်က အဲဒီသက်လွင်ဆိုတဲ့ ယာဉ်မောင်းပုဂ္ဂိုလ်လေးဟာ မြန်မာအိုင်ဗင်ဟိုးကုမ္ပဏီက စီမံကိန်းမန်နေဂျာ ဗြိတိသျှနိုင်ငံသား Dr.Andrew Michellရဲ့ ယာဉ်မောင်းအဖြစ် ကုမ္ပဏီက ခန့်ထားသူ ဖြစ်တယ်ဗျာ။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက်မှာ Dr.Andrew Michell နေထိုင်တဲ့ မြရိပ်ညိုဟိုတယ်က ကုမ္ပဏီကိုသွားနေတုန်းမှာ သက်လွင်က "ဒေါ်အောင်ဆန်းစုကြည်အိမ်ကို သွားချင်သလား၊ တွေ့ချင်သလား"လို့ Dr.Andrew Michell ကို မေးပြီး မော်တော်ယာဉ်ကို ဒေါ်အောင်ဆန်းစုကြည်အိမ်ဘက် မောင်းနေတဲ့အတွက် Dr.Andrew Michellက "တွေ့စရာအကြောင်းမရှိဘူး၊ ကားကိုပြန်ကွေ့ပြီး ကုမ္ပဏီကိုသွားဖို့" တားမြစ်နေပေမယ့် သက်လွင်က ဇွတ်အတင်းအဓမ္မ တက္ကသိုလ်ရိပ်သာလမ်း တားမြစ်ဇရိယာထဲ ကျော်ဖြတ်ပြီး ခြံဝင်းထဲဆီကို မောင်းနှင်လာလို့ သက်ဆိုင်ရာက တားမြစ်ခဲ့တာ ဖြစ်တယ်ဗျာ။

အဲသလို သက်ဆိုင်ရာက တားမြစ်စစ်ဆေးတဲ့အခါမှာ သက်လွင်ဟာ ရူးကြောင်မူးကြောင်နဲ့ ကယောင်ကတမ်းတွေ အော်ဟစ်နေတော့ သက်ဆိုင်ရာအနေနဲ့ စိတ်ဝေဒနာလား၊ ဝက်ရူးပြန်တာလားလို့ သံသယပွားပြီး ရဲစခန်းထဲမှာ ခေတ္တထိန်းသိမ်းထားစဉ်မှာ မူးရူးအော့အန်နေတဲ့အတွက် ဆရာဝန်တွေနဲ့ ဆီးစစ်တာ၊ စမ်းသပ်စစ်ဆေးတာတွေ လုပ်ရသဗျ။ ထွက်လာတဲ့အဖြေကတော့ မောင်မင်းကြီးသား အကောင်းစားပုဂ္ဂိုလ်အထီးလေး သက်လွင်ဟာ မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲထားပြီး ဆေးကြောင်နေတဲ့ ဆေးသမားငနဲလေး ဖြစ်နေတာကိုး ခင်ဗျ။

ဆက်ပြီးပြောရရင် Dr.Andrew Michellကတော့ သူ့ဆန္ဒအရလာခြင်း မဟုတ်ကြောင်း၊ အဲဒီအမျိုးသမီးရဲ့အမည်ကို ကြားဖူးပေမယ့် လူချင်းမသိတဲ့အတွက် တွေ့ဖို့အကြောင်းမရှိကြောင်း၊ အခုလိုဖြစ်တဲ့ကိစ္စဟာ ယာဉ်မောင်းသမားက မဆင်မခြင်လုပ်တာဖြစ်ကြောင်း၊ ကားကိုနောက်ပြန်ကွေ့ဖို့ ပြောနေရင်းက ဇွတ်တရွတ်လုပ်တာဖြစ်ကြောင်း တားဆီးတဲ့နေရာမှာပဲ ပြေပြေလည်လည် ရှင်းလင်းတယ်ဗျာ။

ရှင်းရှင်းလေးပဲခင်ဗျာ၊ ယာဉ်မောင်းသက်လွင်ကို အရေးယူအပြစ်ပေးခဲ့တာဟာ AAPP က ကလီကမာပြောသလို ဘယ်သူဘယ်ဝါနဲ့ သွားတွေ့လို့ မဟုတ်ဘူးခင်ဗျ။ မူးယစ်ဆေးဝါးသုံးစွဲတဲ့ ဥပဒေအရ အရေးယူအပြစ်ပေးခဲ့တာပါဗျာ။ အဲသဟာကို အဖြစ်မှန်မပြောဘဲ ကလိမ်ကကျစ်ဉာဏ်နဲ့ ICRC အဖွဲ့အစည်းအမည်အသုံးချပြီး ဘိန်းစားတစ်ယောက်ရဲ့ ဆေးစွဲတဲ့ပြစ်မှုနဲ့ အရေးယူတာကိုပဲ မဆီမဆိုင်လက်ပံသားဓားနဲ့ချိုင်သလို နိုင်ငံရေးအရောင်ခြယ်ဖို့ မလည်ရှုပ်လုပ်တဲ့ AAPPကို ပေါက်စ ဖြေမဆည်နိုင်အောင် သနားမိသဗျာ။

လာချည်သေးသဗျ၊ အဲဒီသတင်းလိမ် ကောက်ရိုးထုပ်ကြီးကိုပဲ VOA က တခမ်းတနားနဲ့ အဖွအဆွလုပ်ချလိုက်တာကတော့ AAPPအတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီး အကောင်းစားကြီးဖြစ်တဲ့ တိတ်နိုင်နဲ့ ဗျူးတာဟာလဲ ဆေးစွဲနေတဲ့ ဘိန်းစားငနဲကို အရေးယူတာနဲ့ပတ်သက်ပြီး ICRC က မြန်မာအစိုးရကို အရေးယူရမယ့်အတိုင်း ခိုင်းသလိုစေသလိုအသံမျိုးနဲ့ မေးလားစမ်းလားလုပ်ပြနေတော့ အဖေသူကြီးအားကိုးရှိလို့ ရွာရိုးကိုးပေါက်ရမ်းကားနေတဲ့ သူကြီးသားလူရမ်းကားနဲ့ VOA ဟာ တစ်ထေရာ တစ်ခြေရာတည်းပါကလားဆိုပြီး ပေါက်စ တရားကျမိသဗျ။

ဘယ့်နှယ်ဗျာ၊ ICRC ဆိုတာကလဲ နိုင်ငံတကာမှာ သူနဲ့ပတ်သက်တဲ့ အရေးအရာကိစ္စတွေကို သွားလာလှုပ်ရှားဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်တော့ ခပ်ညံ့ညံ့ ပေါ့သေးသေးမဟုတ်ဘူး ခင်ဗျ။ အဲသဟာကို ဘူးမှန်းမသိ၊ ဖရုံမှန်းမသိဘဲ ဆေးစွဲနေတဲ့ ဘိန်းစားအမှုကို နိုင်ငံရေး အရောင်ခြယ်သမွမ်းမံပြီး ကလိမ်ဉာဏ် တစ်ထွာတစ်မိုက်နဲ့ ICRC ရဲ့ တရားဝင်လုပ်ပိုင်ခွင့်အပေါ်မှာ အချောင်နှိုက်အသုံးချဖို့ မဖြစ်ညစ်ကျယ် လိမ်လည်နေတယ်ဆိုတာ သိနေတော့ ICRC က တုဏှိဘာဝေ ဆိတ်ဆိတ်နေသပေါ့ဗျာ။ အဲသဟာကို သဘောမပေါက်တဲ့ VOA ကို ပေါက်စ လက်လန်တယ်ဗျာ။

VOA အသံလွှင့်ဌာနကလဲ အဲဒီသတင်းလိမ်ကြီးကို အမြတ်ထုတ်အသုံးချပြီး မြန်မာအစိုးရအပေါ် ပုတ်ခတ်စွပ်စွဲသမျှဟာ သူတို့နဲ့ဘာကမျှ မသက်ဆိုင်တဲ့အကြောင်း၊ ကြိုတင်မောင်းခတ် ကြေညာသွားပုံကလဲ "AAPP အတွင်းရေးမှူး ကိုတိတ်နိုင်ပြောသွားတာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အတည်ပြုနိုင်ဖို့ ရန်ကုန်က အိုင်ဗင်ဟိုးကုမ္ပဏီလီမိတက်ကို ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ ဘယ်လိုမှ ကောက်ချက်မပေးနိုင်ဘူးလို့ပြောပါတယ်။ စင်ကာပူနဲ့ ကနေဒါမှာရှိတဲ့ အိုင်ဗင်ဟိုးကုမ္ပဏီရုံးတွေကို ဆက်သွယ်ခဲ့ပေမယ့်လဲ တုံ့ပြန်ချက်မရရှိခဲ့ပါဘူး"ဆိုပြီး ဖြစ်သမျှဒဏ် ဝေက်ခံသဘောမျိုးနဲ့ AAPP အပေါ် လွှဲချလိုက်သပေါ့ဗျာ။

တစ်ခုပဲမေးချင်ပါတယ်၊ သက်ဆိုင်ရာတာဝန်ရှိတဲ့ ဌာနအဖွဲ့အစည်းက အတည်မပြုတဲ့ သတင်းကို VOAက ထုတ်လွှင့်ခဲ့တာရော၊ အဲဒီသတင်းကြီးကိုပဲ တစ်ပွေ့တစ်ပိုက်နဲ့ ဟိုလိုက်ဖွ၊ ဒီလိုက်ဖွတဲ့ ဗျူးခန်းကြီးနဲ့ တခမ်းတနားလုပ်ခဲ့တာရော VOA အနေနဲ့ သဘောရိုးပါသလားခင်ဗျာ။ နိုင်ငံတကာက သတင်းမီဒီယာတွေ့ရဲ့ ကျင့်ဝတ်သိက္ခာအရ အတည်မပြုနိုင်တဲ့ သတင်းတစ်ပုဒ်ကို ထုတ်လွှင့်ရိုးမရှိသလို သတင်းစာမျက်နှာပေါ်မှာ အက္ခရာစာလုံးသီကုန်းရေးဖွဲ့ ဖော်ပြခဲ့တဲ့ အစဉ်အလာလဲ မရှိရိုးအမှန်ပါခင်ဗျာ။

ပြောမယ်ဆိုရင်တော့ အခုလိုမျိုး သတင်းလိမ် သတင်းမှားတွေနဲ့ နိုင်ငံတကာပြည်သူတွေ့ကို လှည့်စားဖြားယောင်းသလို ထုတ်လွှင့်နေတဲ့ VOA အနေနဲ့ သက်ဆိုင်ရာကိုယ်စားပြုတဲ့ နိုင်ငံနဲ့အစိုးရအဖွဲ့အစည်းကို နိုင်ငံတကာ နယ်ပယ်မှာ ယုံကြည်ဖွယ်မရှိတဲ့ ဘဝရောက်အောင် ပို့ဆောင်နေပါကလားလို့ သတိတရားလေးများ ရစေချင်တာကတော့ ပေါက်စတို့ မြန်မာလူမျိုးများရဲ့ ရိုးသားတဲ့ စေတနာတရားအစစ် ဇကန်ဖြစ်ပါတယ်ခင်ဗျာ။

အဲ...တစ်ခုတော့ ရှိသပေါ့ဗျာ။ AAPPဆိုတဲ့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းကလဲ အဲသလို သတင်းလိမ်၊ သတင်းမှားတွေကို ဘယ်လိုချောင်ကြိုချောင်ကြားကရလာပြီး VOAကို ပေးပို့ခဲ့သလဲဆိုတာ သတင်းလက်ခံဖြန့်ချိသူ AAPPနဲ့ သတင်းလိမ်၊ သတင်းမှား ပေးပို့သူတို့ပဲ သိကြမှာပေါ့ ခင်ဗျာ။

သို့သော်လဲပေါ့ဗျာ၊ VOAအသံလွှင့်ဌာနအနေနဲ့ AAPPက ကလီကမာ သတင်းလိမ်၊ သတင်းမှားတွေ အကြိမ်ကြိမ်ပို့သမျှ မစစ်ဆေး မမေးမြန်းဘဲ ဖြောင်းကြားနဲ့ တရားနာသလို နားကလေးစွင့်ပြီး ချွန်တွန်းပင့်စိတ်ဓာတ်နဲ့ အမြတ်ထုတ်အသုံးချတာဟာ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို ဘယ်လိုမျှ မပွန်းပဲ့ မထိခိုက်နိုင်ပေမယ့် VOAကတော့ နိုင်ငံတကာသတင်းမီဒီယာ လောကမှာ သုံးစားမရတဲ့အထိ သိက္ခာမဲ့တာပေါ့ဗျာ။

အဲ...တစ်နည်းစဉ်းစားကြည့်ရင်လဲ VOA အသံလွှင့်ဌာနရဲ့ ရိုးသားတဲ့ သတင်းမီဒီယာ စိတ်ရင်းအမှန်ပေါ်မှာ AAPPက အချဉ်ဖမ်း လုပ်ကြံအသုံးချလေသလား၊ ဒါမှမဟုတ် မြန်မာနိုင်ငံတွင်းမှာရှိနေတဲ့ ဘေးထိုင်ဘိုင်ကျဘုပြောကြတဲ့ ဘသုံးလုံးလူတန်းစား နိုင်ငံရေးဇာတ်ပျက် တစ်စုံတစ်ယောက်နဲ့ တစ်အုပ်စုတို့က မဟုတ်မမှန် လုပ်ကြံလီဆယ်တဲ့ သတင်းလိမ်၊ သတင်းမှားတွေပေးပို့ပြီး AAPP ကို အသုံးချလေသလားဆိုတာ ကာယကံရှင်များပဲ သိနိုင်တော့ ပေါက်စ ကြားကနေ အခမဲ့ခေါင်းစားမခံပါရစေနဲ့ခင်ဗျာ။

ကဲ...ပေါက်စ စကားကိုအနားသတ်ပါတော့မယ်ခင်ဗျာ။ အခုလို ဆေးစွဲနေတဲ့ ဘိန်းစားတစ်ယောက်ကို မြန်မာအစိုးရက သက်ဆိုင်ရာ မူးယစ်ဆေးဝါး ဥပဒေအရ အပြစ်ပေးအရေးယူခဲ့တာကိုပဲ ဟိုလူဒီလူနဲ့တွေ့လို့ အရေးယူသလိုမျိုး အချိုးမပြေတဲ့ စကားတွေနဲ့ လှည့်ဖြားလိမ်လည်ပြီး ပုတ်ခတ်စွပ်စွဲတဲ့ သတင်းလိမ်၊ သတင်းမှားကို တခမ်းတနားလုပ် ထုတ်လွှင့်ခဲ့တဲ့ VOA အသံလွှင့်ဌာနကအစ အဲဒီသတင်းလိမ်ကို ကြေညာခဲ့တဲ့ AAPPရဲ့ ကလီကမာလုပ်ကြံမှုအလယ်၊ မဖွယ်မရာ အတင်းအဖျင်း အထုပ်စုတ်ကို သတင်းလုပ်ပေးပို့ခဲ့တဲ့ ပြည်တွင်းက ဘသုံးလုံးလူတန်းစား နိုင်ငံရေးဇာတ်ပျက်များအဆုံး အားလုံးသော ပုဂ္ဂိုလ်အထီးအမ ကြီးငယ်ရွယ်လတ် ဆိုက်စုံဂိုက်စုံတွေရဲ့ ဘဝဟာ **"လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ"**လို့ပဲ ပေါက်စ သူတို့ကိုယ်စား ခံစားနားလည်ခြင်း စေတနာအရ ပြည်ပေါ်မှာ ရွေကြော်ငြာထုတ်လိုက်ပါတယ် ခင်ဗျား။ ။

ပေါက်စ

ရွှေနေချုပ်ရိုးဓမ္မာရုံ တရားပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း ၂ လမ်းထောင့်ရှိ ရွှေနေချုပ်ရိုး ဓမ္မာရုံတွင် ဇူလိုင်၃၀ရက်မှ အောက်တိုဘာ ၂၇ရက်အထိ ဝါတွင်းကာလ လပြည့်၊ လကွယ်၏ အဖိတ်နေ့ ည၇နာရီတွင် မဟာသဒ္ဓမ္မဇောတိကဓဇ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ညွှန်ပါမောက္ခ ဒေါက်တာ မင်းတင်မွန်က နိဗ္ဗာန်ရောက်ကြောင်း ဗုဒ္ဓတရားတော်များကို ဟောပြောမည်ဖြစ်သည်။

လာရောက်တရားနာယူနိုင်

ဝါတွင်းကာလ တရားပွဲများသို့ ဗုဒ္ဓဘာသာဝင်များ လာရောက်တရားနာယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေးဦးစီးဌာနနှင့်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇူလိုင် ၁၂ရက်က သန်လျင်အထက(၂) ရတနာခန်းမ၌ ကျင်းပရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်း ပညာပေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

ဗုဒ္ဓသာသနာ့အမွေခံယူပွဲနှင့် စာအောင်သံဃာဂုဏ်ပြုပွဲ

ရန်ကုန် ဇူလိုင် ၂၀

စစ်ကိုင်းတိုင်း မင်းကင်းမြို့ မင်္ဂလာပဒ္ဓောတာရုံ စာသင်တိုက်တွင် ချင်း၊ နာဂတိုင်းရင်းသား ၁၈ဦးအား ထေရဝါဒ ဗုဒ္ဓသာသနာ့ အမွေခံယူပွဲ၊ ၁၃၆၆ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသော (တိုင်းကျော်) အထူးအောင်တစ်ပါးနှင့် စာအောင်သံဃာများကို ဂုဏ်ပြုပွဲနှင့် နဝမအကြိမ် ဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းပွဲများကို ဇူလိုင် ၂၄ နှင့် ၂၅ ရက်များတွင် ကျင်းပမည် ဖြစ်ကြောင်း စေတနာရှင်များအား ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

ခေတ်မီသံရည်ကျိုလုပ်ငန်းစက်ရုံများ မြန်မြန်ဆန်ဆန်စနစ်တကျပြီးစီးအောင်ထူထောင် ပြည်တွင်းသုံးစွဲရေးသာမက ပြည်ပတင်ပို့နိုင်သည့်ပစ္စည်းများကိုပါ အလေးထားထုတ်လုပ် ဖွံ့ဖြိုးလာနေပြီဖြစ်သော စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့်တိုးတက်အောင်ဝိုင်းဝန်းကြိုးပမ်း

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၀

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၀၄)ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန် ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတာဝန်ရှိသူများ၊ဆန်စက်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သုံးသပ်ချက်များတင်ပြ

ညှိနှိုင်းအစည်းအဝေး၌ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေး၌စက်မှုဇုန်များ၏ လုပ်ငန်းတိုးတက်ဖြစ်ပေါ်မှုနှင့်သုံးသပ်တွေ့ရှိချက်များကိုပြောကြားလိုကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် မန္တလေး စက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ပုံထောင်းစက်ရုံများထူထောင်တော့မည်ဖြစ်ရာ ပုဂ္ဂလိက အရည်အသွေး အဆင့်အတန်းမီ သံရည်ကျို ပုံလောင်းပစ္စည်းများ ထွက်ရှိလာမှာ ဖြစ်ကြောင်း။

စက်အစိတ်အပိုင်းထုတ်လုပ်

လောလောဆယ် စက်မှုဇုန်များ၌ တည်ရှိနေသော ပုဂ္ဂလိက သံရည်ကျို သံထည်စက်မှုလုပ်ငန်းများကို လေ့လာစိစစ်သည့်အခါ လုပ်ငန်းအများစုမှာ မိရိုးဖလာ လုပ်ငန်းများဖြစ်ပြီး ရရာသံတိုသံစများကို မီးသွေးဖြင့် အပူပေးကာ ပုံသွင်းလောင်းပြီး လိုအပ်သော စက်အစိတ်အပိုင်းများ ထုတ်ပေးနေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

ကုန်ကြမ်းအရည်အသွေးမမီခြင်း၊ လိုအပ်သောဓာတ်ကူပစ္စည်းများ ပြည့်စုံစွာ မသုံးနိုင်ခြင်း၊ အရည်အသွေး စစ်ဆေးမှုမရှိခြင်းတို့ကြောင့် ထုတ်လုပ်သော ကုန်ပစ္စည်းတို့မှာ ယှဉ်ပြိုင်အားမရှိဘဲ ပြည်တွင်း၌သာ ကြိုးစားသုံးစွဲနေရသည့် အဆင့်သာရှိနေကြောင်း။

စက်ရုံများထူထောင်

ထို့ကြောင့် ယင်းပုဂ္ဂလိက မိရိုးဖလာ သံရည်ကျိုလုပ်ငန်းများ အဆင့်မီလာအောင် ဝိုင်းဝန်းကူညီသွားကြရန် လိုအပ်မှာ ဖြစ်သကဲ့သို့ စက်မှုဇုန်သုံးခု၌ ထူထောင်မည့် ခေတ်မီသံရည်ကျိုလုပ်ငန်း စက်ရုံများကို မြန်မြန်ဆန်ဆန် စနစ်တကျ ပြီးစီးအောင် ထူထောင်ပြီး စက်အင်အားကို အပြည့်အဝ အသုံးချနိုင်အောင် စီမံကြရမှာဖြစ်ကြောင်း။

ခေတ်မီ သံရည်ကျို စက်ရုံများနှင့် ဆက်စပ်၍ ခေတ်မီ'မို'ထုတ်လုပ်သည့် အလုပ်ရုံကိုလည်း ထူထောင်သွားမှာဖြစ်၍ ပြည်တွင်း သုံးစွဲရေးသာမက ပြည်ပတင်ပို့နိုင်သည့် ပစ္စည်းများကိုပါ အလေးထား ထုတ်လုပ်နိုင်တော့မှာ သေချာလျက်ရှိကြောင်း။

အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးလာမည်

ခြုံလိုက်လျှင် သေချာသော ပြည်တွင်းပြည်ပဈေးကွက် ခိုင်ခိုင်မာမာရှိနေသဖြင့် သံထည်လုပ်ငန်း ဖွံ့ဖြိုးမှုကို အခြေခံပြီး မြန်မာ့စက်မှု လုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ကြောင်း။

ခေတ်မီ သံရည်ကျိုလုပ်ငန်းကို အခြေပြု၍ စက်မှုလယ်ယာလုပ်ငန်း အတွက် လိုအပ်သည့်လယ်ယာသုံး စက်ကိရိယာများ ပိုမိုတိုးချဲ့ထုတ်လုပ်သွားနိုင်အောင် ယခုကတည်းကပင် ကြိုးပမ်းစီစဉ်သွားကြရမှာဖြစ်ကြောင်း။

လယ်ယာလုပ်ငန်း၌ လိုအပ်သော လက်တွန်းထွန်စက်ကို ထုတ်လုပ်ရာ၌ နိုင်ငံတော်နှင့်ပုဂ္ဂလိကတို့က လောလောဆယ်အနေအထားအရ တစ်နှစ်လျှင် အများဆုံးစီးရေ နှစ်သောင်းခန့်သာ ထုတ်လုပ်နိုင်သေးရာ များစွာတိုးချဲ့ ထုတ်လုပ်သွားရန်လိုအပ်နေကြောင်း။

နမူနာယူထုတ်လုပ်

ထို့အတူ စပါးစိုက်ကွင်း၌ပင် အသုံးပြုနိုင်သည့် ဆန်စက်ငယ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များက နိုင်ငံခြားစံချိန်မီ နမူနာထုတ်လုပ်ထားပြီးဖြစ်ရာ စက်မှုဇုန်များက နမူနာရယူပြီး ဆက်လက် ထုတ်လုပ်သွားနိုင်ရန်လိုအပ်ကြောင်း။

ရှင်းလင်းမှာကြား

အလားတူ ကျေးလက်ဒေသများ၌ လျှပ်စစ်မီးရရှိရေးအတွက် အထောက်အကူပြုနိုင်သည့် ရေအားလျှပ်စစ်တာဘိုင်စက်ငယ်များ၊ ဇီဝဓာတ်ငွေ့သုံး၍ လျှပ်စစ်ထုတ်လုပ်နိုင်သည့်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန ကွန်းသာယာခန်းမတွင် စီစဉ်ပြသထားသော နိုင်ငံခြားလုပ်ခေတ်မီဆန်စက်ငယ်များနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက တီထွင်ထုတ်လုပ်ထားသည့် ခေတ်မီဆန်စက်ငယ်များကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

စက်ငယ်များကို ကျယ်ကျယ် ပြန့်ပြန့် ထုတ်လုပ်ရေး၊ တိုးချဲ့စိုက်ပျိုးလာသော ဆီအုန်းခြံများအပေါ် အခြေခံသည့် ဆီအုန်းဆီကြိမ်း စက်ရုံနှင့် ဆီသန့်စက်ရုံတို့ကို ပြည်တွင်း၌ပင်ထုတ်လုပ်ရေးတို့ကို အလေးထားလုပ်ဆောင်သွားသင့်ကြောင်း။

ယင်းသို့ ကြိုးပမ်းလုပ်ဆောင်လာသည်နှင့်အမျှ နိုင်ငံတော်က အားပေးမျှော်မှန်းထားသည့်အတိုင်း ၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ စက်မှုကဏ္ဍသည် သိသိသာသာ အရှိန်အဟုန်ဖြင့်တိုးတက်သွားမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်စေရန် စက်မှုဖွံ့ဖြိုးတိုးတက်ရေးသည် မဖြစ်မနေလိုအပ်ပါကြောင်း၊ ဘက်စုံစက်မှုဖွံ့ဖြိုးရေးတွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုဖွံ့ဖြိုးရေးသည် အဓိကဦးစားပေးဖြစ်ကြောင်း။

လယ်ယာလုပ်ငန်းတွင်စက်ကိရိယာများကို တိုးမြှင့်အသုံးပြုလာနိုင်သည်နှင့်အမျှ စိုက်ပျိုးရေးစရိတ်များ ကုန်ကျမှုသက်သာပြီး တောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း။

စက်မှုဇုန်များအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၊ စက်မှုလုပ်ငန်းသုံးစက်ပစ္စည်း ကိရိယာများ အများအပြားထုတ်လုပ်နိုင်ရေးအတွက် စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့် တောင်ကြီး(အေးသာယာ)စက်မှုဇုန်တို့တွင် သံရည်ကျိုပုံလောင်း၊ ပုံထောင်းစက်ရုံများဖြစ်ပေါ်လာအောင် နိုင်ငံတော်အပိုင်းက အားပေးပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းရှင်များလိုအပ်သည့် ငွေကြေးများချေးယူနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားပြီဖြစ်ကြောင်း။

ကြိုးကြိုးစားစားအားထုတ်ဆောင်ရွက်

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ဘက်ပေါင်းစုံက အားပေးလျက်ရှိရာ စက်မှုဇုန်အလိုက် ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးတိုးတက်လာအောင် စက်မှုဇုန်အလိုက် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက ပေါင်းစပ်ညှိနှိုင်းမှုကောင်းဖြင့် ကြိုးကြိုးစားစားအားထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ပုံစံများဖြင့်ရှင်းလင်းတင်ပြ

ဆက်လက်၍မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်က သံရည်ကျိုလုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ မှာကြားဝယ်ယူထားသည့် အခြေအနေများ၊ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများ၌ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများနှင့် သတိထားဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပြည်တွင်း၌ပင်ရရှိနိုင်သည့် စက်အစိတ်အပိုင်းများဖြင့် တီထွင်ထုတ်လုပ်ထားသည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ ဆန်စက်ငယ်နှင့်စပ်လျဉ်းသည်များကိုလည်းကောင်း၊ အင်းစိန်ရှိ အမှတ်(၀၃)ဖွဲ့နှဆီစက်တွင် စားအုန်းဆီကြမ်းများကို သန့်စင်ပြီး စားအုန်းဆီသန့်များ ထုတ်လုပ်နိုင်သည့် စားအုန်းဆီသန့်စင်စက် တီထွင်ထုတ်လုပ်ထားသည့် အခြေအနေများကိုလည်းကောင်း ပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဖြည့်စွက်ဖွဲ့စည်းသင့်သော သံနှင့်သံမဏိ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနှင့်စပ်လျဉ်း၍ရှင်းလင်းမှာကြားသည်။

အသေးစိတ်ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

ဝန်ကြီး ဦးစိုးသာက ပခုက္ကူ စက်မှုဇုန်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ကလေး စက်မှုဇုန်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြိတ်စက်မှုဇုန်နှင့်စပ်လျဉ်း၍ လည်းကောင်း စက်မှုဇုန်အလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က စက်မှုဇုန် သုံးဇုန်၌ တည်ဆောက်သွားမည့် သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း စက်ရုံများအတွက် စက်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ မှာယူထားမှုနှင့် ရောက်ရှိလာမည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက စက်မှုဇုန်များ၏ မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများကို သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီစေရေး အလေးထားဆောင်ရွက်သွားရမည့်အချက်များကို ထပ်မံရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိုင်ငံတော်အကြီးအကဲက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လက်တွေ့ကျကျ အလေးထား အားပေးနေသကဲ့သို့ စက်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ လက်ရာ၊ လက်သားနိုင်နင်းရေး(Workmanship)၊ တိကျသေချာမှုရှိရေး(Precision)၊ သုံးစွဲသည့် သံသတ္တု (Metallurgy) အရည်အသွေးပြည့်မီရေး၊ ခေတ်နှင့်အမီလိုက်နိုင်ရေး၊ တီထွင်ကြံဆဖန်တီးနိုင်စွမ်းရှိရေးစသည့် အချက်ငါးချက်ကို အလေးထားလုပ်ကိုင်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ယင်းလမ်းညွှန်မှုများနှင့်အညီ စက်မှုလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်နိုင်သည်နှင့်အမျှစက်မှုကုန်ချောပစ္စည်းများသည် အရည်အသွေးအဆင့်အတန်းမီလာပြီး ဈေးကွက်ကို တိုးချဲ့ထိုးဖောက်နိုင်ကာ စက်မှုကဏ္ဍသည်လည်း တိုးတက်ဖွံ့ဖြိုးလာမှာသေချာကြောင်း။

ထို့ကြောင့် ဖွံ့ဖြိုးလာနေပြီဖြစ်သော စက်မှုကဏ္ဍကိုအရှိန်အဟုန်ဖြင့် တိုးတက်သည်ထက် တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်

အစည်းအဝေး အပြီးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဆန်စက်လုပ်ငန်းရှင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကျွန်းသာယာခန်းမ၌ စီစဉ်ပြသထားသည့် နိုင်ငံခြားလုပ် ခေတ်မီဆန်စက်ငယ်တို့ကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးက တီထွင်ထုတ်လုပ်ထားသည့် ခေတ်မီဆန်စက်ငယ်များနှင့် အသုံးပြုနိုင်မှုအခြေအနေများကို လည်းကောင်း၊ ကြိတ်ခွဲရရှိသည့် ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ စပါးခွံများ၊ ဆန်စက်ငယ်၏ စက်ပစ္စည်းအစိတ်အပိုင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည်ခေတ်မီဆန်စက်ငယ်များကို တီထွင်ထုတ်လုပ်သည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ကျွမ်းကျင်ပညာရှင်များအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်များက တည်ဆောက်လှူဒါန်းသည့် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲတွင် အဆိုပါကျောင်းဆောင်သစ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ ကျောင်းသားကျောင်းသူကလေးများက မြန်မာ့ကျောင်းသီချင်းကို သံပြိုင်သီဆိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အလှူရှင် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr. Toshiaki Endo တို့က လက်ယက်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ)

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ယက်စမ်းကျေးရွာ အခြေခံပညာမူတန်းကျောင်း ကျောင်းဆောင်သစ်ကြေးပြားမော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အလှူရှင်များက ကြေးပြားမော်ကွန်းကမ္ပည်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ကျောင်းဆောင်သစ်ခန်းမ၌ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr.Toshiaki Endo က အလှူရှင် ဂျပန်နိုင်ငံမှ အောက်လွှတ်တော်အမတ်များကိုယ်စား ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr. Toshiaki Endoက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက လက်ခံရယူသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက အလှူရှင် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် ခုနစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အလှူရှင် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်ခုနစ်ဦးအား ကျောင်းဆောင်သစ်ပုံတူ ရွှေချည်ထိုးပန်းချီကားနှင့် ကျောင်းဆောင်သစ် ဓာတ်ပုံများကို တစ်ဦးချင်း ပေးအပ်သည်။

ထို့နောက် အလှူရှင် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်များက ကျောင်းသားကျောင်းသူကလေးများအတွက် ခဲတံ၊ ခဲဖျက်၊ ဗလာစာအုပ်နှင့် မိုးကာအင်္ကျီများ လက်ဆောင်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် A.C.E ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းက ကျောင်းသားကျောင်းသူကလေးများအတွက် ဗလာစာအုပ် ဒါဇင် ၃၀၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးဦးစံမောင်က လက်ခံရယူသည်။

ယနေ့ဖွင့်လှစ်သည့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်သည် အလျား ၂၅၄ပေ၊ အနံ ပေ၃၀ ရှိသည့် သံကူကွန်ကရစ် တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်များက ဒေါ်လာ၆၀၀၀၀ အကုန်အကျခံကာ တည်ဆောက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင်၂၀ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်နှင့်ဇနီးတို့ အီဂျစ် အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့တက်ရောက်လာရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Mohamed Mohamed Minessy နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိုးရာသီရေများချိန် မြစ်တွင်းသွားရေယာဉ်များ လိုက်နာရန် အထူးရေလမ်းသတိပေးနိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၀

ယခုမိုးရာသီတွင် မြစ်ဖျားပိုင်း မိုးရွာသွန်းမှုများပြားပြီး တောင်ကျချောင်းကျရေများကြောင့် ကုလားတန်၊ ချင်းတွင်း၊ ဧရာဝတီနှင့် သံလွင်မြစ်များတွင် မြစ်ရေစီးနှုန်းမြင့်မားနေ၍ မြစ်တွင်းသွားရေယာဉ်များအနေဖြင့် အန္တရာယ်မဖြစ်စေရန် အထူးဂရုပြုမောင်းနှင်ကြရန်လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲတွန်းရေယာဉ်များသည် မိမိသယ်ဆောင်ဝန်အားနှင့် မိမိစက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရန်လိုအပ်သည်။ ဝန်နှင့်အား မမျှတသည့် မနိုင်ဝန်သယ်ဆောင်ခုတ်မောင်းခြင်းမျိုး လုံးဝရှောင်ကြဉ်ရန်လိုအပ်သည်။

ထိန်းသိမ်းမောင်းနှင်

မြစ်ကူးတံတားကြီးများ ဖြတ်သန်းခုတ်မောင်းကြရာတွင် တွဲရေယာဉ် နှစ်စင်းတွဲမောင်းနှင်ခြင်းမပြုဘဲ တစ်စင်းချင်း တစ်တွဲချင်းချိတ်ဆွဲ ဂရုတစိုက်ထိန်းသိမ်းမောင်းနှင်ကြရမည်ဖြစ်သည်။

မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အားချိန်ဆပြီး ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းရန်နှင့် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူပြီး မိမိရေယာဉ်၏ စက်နှင့်တက်မထိန်းစနစ်အား ကြိုတင်စစ်ဆေးလျက် အထူးဂရုပြုထိန်းသိမ်းမောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနိုးဆော်ချက် ထပ်မံထုတ်ပြန်ထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းတွင်းနှင့် ဧရာမြစ်ရေခိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၂၀

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ယင်းတို့၏ စိုးရိမ်ရေမှတ်များအထက်တွင် သုံးပေခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းလျက်ရှိသော်လည်း ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် စိုးရိမ်ရေမှတ် အထက်ပေဝက်ခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် သိသိသာသာ ပြောင်းလဲမှုမရှိဘဲ ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု သိရသည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် စိုးရိမ်ရေမှတ်အထက် နှစ်ပေခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ယင်းတို့၏ စိုးရိမ်ရေမှတ်များ အထက်ပေဝက်ခန့် ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းလျက်ရှိသော်လည်း ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ် ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

နာမည်ကြီးကိုရီးယားသရေကျ၊ကူဝိတ်ကယူအေအီးကိုအနိုင်ယူ ဘာရိန်းနှင့်ကာတာ၊အိမ်ရှင်တရုတ်နှင့်အင်ဒိုတို့ယနေ့ကစားမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၂၀

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲအုပ်စု(ခ)မှ တောင်ကိုရီးယားနှင့် ဂျော်ဒန်၊ ကူဝိတ်နှင့်ယူအေအီးအသင်းတို့ ဂျီနန်မြို့ရှိ ရှန်ဒေါင်းစပေါ့စင်တာအားကစားကွင်း၌ ဇူလိုင် ၁၉ရက်က ယှဉ်ပြိုင်ကစားကြရာ တောင်ကိုရီးယားနှင့် ဂျော်ဒန်တို့ ဂိုးမရှိသရေကျပြီး ကူဝိတ်အသင်းက ယူအေအီးကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဟော်လန်နည်းပြ ဂျိုကွန်ဖရေရီ ကိုင်တွယ်နေသည့် နာမည်ကြီးတောင်ကိုရီးယားအသင်းသည် အာရှဖလား ၂၀၀၄တွင် ဖိုလ်စွဲနိုင်သည့်အသင်းများတွင် ထိပ်ဆုံးမှပါဝင်နေပြီး ကမ္ဘာ့ဖလား ၂၀၀၂ခုနှစ်က နောက်ဆုံးအကြို ဖိုလ်လုပွဲအထိ တက်ရောက်ခဲ့သော အသင်းမှ အားကစားသမားများကို အခြေခံပြီး တည်ဆောက်ထားသည့် အသင်းဖြစ်သည်။

တောင်ကိုရီးယားတို့အာရှဖလား ချန်ပီယံဖြစ်ရေးခရီးအစမှာပင်သရေပွဲနှင့် ကြုံတွေ့လိုက်ရသဖြင့် ကိုရီးယားတိုက်စစ်မှူးများ အဆုံးသတ်မပိုင်နိုင်ပါက ရှေ့ခရီးကြမ်းတမ်းတော့မည့် အနေအထားရှိသည်။

ပွဲပြီးချိန်တွင် ဂျော်ဒန်နည်းပြ အယ်လ်ဂိုဟာရီက မိမိအသင်းသည် ခံစားအားပြုပြီး တန်ပြန်တိုက်စစ်ဆင်ကစားသည့် ယူရို ၂၀၀၄ ချန်ပီယံ ဂရိအသင်း၏ ကစားနည်းအတိုင်း ကစားခဲ့သည်ဟု ပြောကြားကာ တောင်ကိုရီးယားတို့နှင့်အတူ တစ်မှတ်စီ ယူခဲ့ပြီးဖြစ်သည်။ တောင်ကိုရီးယားနှင့် ဂျော်ဒန် ပွဲတွင်ပွဲစဉ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုကို ဂျော်ဒန်အသင်းမှ ဂိုးသမားအမာရှဖီဆာဘတ်က ရရှိသွားသည်။

အုပ်စု (ခ)မှ ဒုတိယပွဲစဉ်အဖြစ် ဇူလိုင် ၁၉ ရက်ကကူဝိတ်နှင့်ယူအေအီးအသင်းတို့ ဂျီနန်မြို့ရှိရှန်ဒေါင်းစပေါ့စင်တာကွင်း၌ ဒုတိယပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ကူဝိတ်အသင်းက ယူအေအီးကိုသုံးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ယူကာ သုံးမှတ်အပြည့်ရရှိခဲ့ပြီဖြစ်သည်။

ပင်လယ်ကွေ့ဒေသ၏ ထိပ်တန်းအဆင့်ရှိသည့်ကူဝိတ်သည် ယူအေအီးနှင့်ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်သတ် ကစားကွက်အသာစီးရယူကာ ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်း ယူအေးအီးဖိကစားခြင်းကို ခံခဲ့ရသည်။

ကူဝိတ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုများကာ ကစားကွက်ကို စိုးမိုးပြီး ဘယ်ညာတောင်ပံများမှ ထိုးဖောက်ကစားနေရာမှ ပွဲချိန် ၂၅မိနစ်တွင် ကူဝိတ်အသင်းခေါင်းဆောင် ဘာဆာအက်အဗ္ဗဒူလာဇစ်က ယူအေအီးနောက်ခံလူများ ဟန့်တားနေသည့်ကြားက လှပစွာ ကန်သွင်းခဲ့ရာမှ ကူဝိတ်တို့ ဂိုးစတင်ရရှိသွားခဲ့သည်။

ပွဲချိန်၃၉မိနစ်တွင် ကူဝိတ်အသင်းခေါင်းဆောင် အက်အဗ္ဗဒူလာဇစ် ကွင်းလယ်မှ ထိုးဖောက်ယူလာပြီး ဂိုးဧရိယာအတွင်းအရောက်တွင် ယူအေအီးနောက်ခံလူများကြမ်းတမ်းစွာ ဟန့်တားမှုကြောင့် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိကာ ကူဝိတ်တိုက်စစ်မှူး ဘာဒါအယ်မူတဝါ ကန်သွင်းသဖြင့် ကူဝိတ်တို့ ဒုတိယဂိုးရရှိခဲ့သည်။

ပွဲချိန် ၄၅မိနစ်တွင် ကူဝိတ်အသင်း ထိုးဖောက်ကစားမှုကို ယူအေအီး နောက်ခံလူ ဘတ်ဟာဆစ်ဒ်အယ်ဟာမာဒီ ဖျက်ထုတ်သည့် ဘောလုံး ဟန်ချက်လွဲကာ ဂိုးဝင်သွားရာမှ ကူဝိတ်တို့ တတိယဂိုးရရှိသွားသည်။ ယူအေအီးဂိုးသမား ဂျူမာရာဆစ်ဒ်အယ်ဟိုလီကြိုးစားပြီး လိုက်လံကာကွယ်သော်လည်း မမီဘဲ ဂိုးပေးလိုက်ရခြင်း ဖြစ်သည်။

ဒုတိယပိုင်းတွင် ပွဲစတင်သည်မှ ယူအေအီးအသင်း တိုက်စစ်ဆင်ကစားရာ ဒုတိယပိုင်းစတင်ပြီး ၂မိနစ် အကြာ ပွဲချိန် ၄၇ မိနစ်တွင် ယူအေအီး တိုက်စစ်မှူး အယ်နက်ဘီ ဘောလုံးသယ်ယူလာပြီး ကန်သွင်းမှုကြောင့် ယူအေအီး တစ်ဂိုးရရှိသွားသည်။

ယူအေအီးအသင်း တစ်ဂိုးစတင်ရရှိပြီးနောက် ကူဝိတ်အသင်းဘက် ဖိကစားပြီး ဂိုးထပ်မံရရှိရေးအတွက် ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်သည့် ဆစ်ဒ်အယ်အဘာဒီ၊ အစ်မေးမာတာ၊ အီဘရာဟင်၊ အယ်မာက်ဟာရီနီတို့ အကြိမ်ကြိမ် ထိုးဖောက်ကစားသော်လည်း ကန်ချက်များ အပေါ်ထောင် ဘေးထွက်ဖြစ်ကာ ဂိုးကံခေခဲ့သည်။

ယူအေအီး အလယ်တန်းမှ အယ်ဂျူဘာရီဘီ၊ ဆူလ်တန်ရာဆစ်ဒ်နှင့် အယ်ဒါမာကီတို့ တိုက်စစ်ကို အားဖြည့်ပံ့ပိုးပေးနိုင်သော်လည်း ကူဝိတ်နောက်ခံလူများကို မကျော်နိုင်ဘဲရှိခဲ့သည်။

ယူအေအီးအသင်း ဖိကစားရာမှ ပွဲချိန် ၆၆ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဆေ့ဒ်အယ်အဘာဒီ အပိုင်ကန်သွင်းခွင့်ရသော်လည်း လွဲချော်ခဲ့ပြီး ပွဲချိန် ၇၆ မိနစ်တွင် တိုက်စစ်မှူး အယ်မက်ဟာရီနီ ကန်ချက်မမှန်မှုကြောင့် ယူအေအီး ဂိုးထပ်မံမသွင်းနိုင်ဘဲ တစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။

ကူဝိတ်နှင့် ယူအေအီးတို့ ပွဲတွင် ဆီးမင်းကုမ္ပဏီမှ ချီးမြှင့်သော ပွဲစဉ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုကို ကူဝိတ်အသင်းမှ တိုက်စစ်မှူး ဘာဒါအယ်မူတဝါက ရရှိသွားသည်။

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲကို တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(က)အသင်းများသည် အုပ်စုဒုတိယမြောက်ပွဲစဉ်များကို တရုတ်နိုင်ငံပေကျင်းမြို့ရှိ အလုပ်သမားအားကစားကွင်းကြီး၌ ဇူလိုင် ၂၂ရက် **(ယနေ့)**တွင် ကစားကြရမည်ဖြစ်သည်။

ပထမပွဲစဉ်တွင် ဘာရိန်းနှင့် ကာတာ၊ ဒုတိယပွဲစဉ်အဖြစ် တရုတ်နှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အုပ်စု(က)မှ တရုတ်နှင့်ဘာရိန်းအသင်းတို့ ဇူလိုင် ၁၇ရက်၌ ကစားခဲ့ရာ နှစ်ဂိုးစီသရေကျခဲ့သဖြင့် တစ်မှတ်စီသာ ရရှိထားကြသည်။

ဘာရိန်းနှင့်ကာတာတို့ပေကျင်းမြို့ အလုပ်သမားကွင်းတွင် ပထမပွဲစဉ်အဖြစ်ကစားရမည်ဖြစ်သည်။

ကူဝိတ်နှင့် ယူအေအီးတို့ ပွဲတွင် ကူဝိတ်မှမာဆော့ဒ်အယ်အင်ဇီ ဘောလုံးရယူရန်ကြိုးစားစဉ်။ (ဓာတ်ပုံ - အင်တာနက်)

ဘာရိန်းသည် တစ်ပွဲကစားပြီး တစ်မှတ်ရရှိထားရာ ယခုပွဲတွင် အနိုင်ကန်ရမည်ဖြစ်သည်။ တရုတ်နှင့်ကစားသည့်ပွဲတွင် တရုတ်တိုက်စစ်ကို ဘာရိန်းတို့ကောင်းစွာ ခြေဖျက်ကစားနိုင်ခဲ့သည်ဖြစ်ရာ ဘာရိန်းခြေစွမ်းကို လျှော့တွက်၍မရချေ။ ဘာရိန်းသည် တန်ပြန်တိုက်စစ်အားကောင်းသည်ဖြစ်ရာ ရှေ့တန်းတိုက်စစ်မှူးဟူစိန်အလီ၏ ထိုးဖောက်ကစားမှုကို ကာတာအသင်းတောင့်ခံနိုင်ရန်မလွယ်ပေ။

ဘာရိန်းသည် ပြီးခဲ့သည့်ပင်လယ်ကွေ့ဖလားတွင်လည်း ဒုတိယရရှိခဲ့သည့်အပြင် လက်ရှိအိမ်ရှင် တရုတ်အသင်းကိုပါ သရေကစားနိုင်ခဲ့သဖြင့် ဘာရိန်းတို့ စိတ်ဓာတ်တက်ကြွနေသည်။ ဘာရိန်းအသင်းအနေဖြင့် ကာတာကို အနိုင်ရနိုင်သည့် အနေအထားရှိသည်။ ကာတာအသင်းမှာ အုပ်စု(က)မှ အင်အားအနည်းဆုံး အသင်းဖြစ်သော အင်ဒိုနီးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးခဲ့ရာ ကာတာအသင်း၏ ခြေအဆင့်အတန်းကို ဖော်ပြလိုက်သကဲ့သို့ ဖြစ်နေသည်။ ကာတာအသင်း တိုက်စစ်အားကောင်းသော်လည်း အဆုံးသတ် သေချာမှုမရှိပေ။ ကာတာ နောက်ခံလူများ တစ်ဖက်အသင်း၏ ထိုးဖောက်မှုကို ခံရချိန်တွင် အမှားအယွင်းများ ပြုလုပ်တတ်သည့် အားနည်းချက်ရှိနေသည်။ ကာတာအသင်းအနေဖြင့် ဘာရိန်းကို ခက်ခက်ခဲခဲ ကစားရမည်ဖြစ်သည်။

အင်ဒိုနီးရှားအသင်းကို ကာတာအသင်း ပွဲဦးထွက်ရှုံးခဲ့ခြင်းအပေါ် ကာတာနည်းပြထရောက်စီယာက သူ့အသင်းသားများ၏ကစားခဲ့ခြင်းအပေါ် စိတ်ပျက်မိကြောင်း၊ အနိုင်ရယူလိုမှု စိတ်ဓာတ်မပြင်းပြကြောင်း၊ ကျေနပ်ဖွယ်မရှိကြောင်းပြောကြားပြီး အာရှဖလားပြိုင်ပွဲပြီးဆုံးပါက နည်းပြအဖြစ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

အုပ်စု(က)တရုတ်နှင့် အင်ဒိုနီးရှားအသင်းတို့ အုပ်စုဒုတိယမြောက်ပွဲစဉ်ကို ပေကျင်းမြို့ ပေကျင်းအလုပ်သမားအားကစားကွင်း၌ ဒုတိယပွဲစဉ်အဖြစ် ဇူလိုင်၂၂ရက်**(ယနေ့)**တွင် ကစားကြမည်ဖြစ်သည်။

တရုတ်အသင်းသည် အိမ်ရှင်ဖြစ်သည့်အပြင် အိမ်ရှင်ပရိသတ်တို့ရှေ့တွင် မိမိထက်အားနည်းသော ဘာရိန်းကို သရေကျခဲ့သဖြင့် ဖိအားပေးမှုများခံနေရရာ တရုတ်နည်းပြအာရီဟမ်းက သူ့အသင်းကို ကစားကွက်နည်းစနစ်ပြောင်းကာ ကစားဖွယ်ရှိသည်။

တရုတ်အသင်းသည် ရှေ့တန်းတွင် အသက်(၃၄)နှစ်ရှိပြီဖြစ်သော တိုက်စစ်မှူး ဟောင်ဟိုင်ဒေါင်ကို အားထားရဆဲဖြစ်ကာ ကျန်ယုနင်၊ လီကျင်ယုတို့လည်း အတွဲညီညီ ထိုးဖောက်ကစားနိုင်ကြသည်။ အလယ်တန်းတွင်လည်း လီရှောင်ဖုန်းက ဘောလုံးဖြန့်ပေးမှုနှင့် တိုက်စစ်ကို လိုက်ပါပံ့ပိုးနိုင်မှုကောင်းသည်။ တရုတ်နောက်တန်းက ကျန်းဇီသည်လည်း ပြိုင်ဘက်အသင်း၏ တိုက်စစ်မှူးများ ထိုးဖောက်မှုကိုကောင်းကောင်း ဟန့်တားနိုင်သူဖြစ်ပြီးလိုအပ်ရင် ဂိုးလည်းသွင်းနိုင်သူဖြစ်သည်။

တရုတ်အသင်းသည် အုပ်စု (က) တွင်ခြေစွမ်းအထက်ဆုံးဖြစ်ပြီး တစ်ပွဲကစားပြီးတစ်မှတ်သာရရှိထားသဖြင့် ယခုပွဲတွင်အင်ဒိုနီးရှားကို အနိုင်ကစားကာ တရုတ်ပရိသတ်မျှော်လင့်ချက်ကိုဖြည့်ဆည်းပေးရန် တာဝန်ရှိနေသည်။

အင်ဒိုနီးရှားအသင်းသည် အုပ်စု (က)ပထမပွဲစဉ်ကာတာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားခဲ့ပြီးသုံးမှတ်အပြည့်ရကာစိတ်ဓာတ်တက်ကြွနေသည့်အသင်းဖြစ်သည်။ အုပ်စု (က) တွင်အိမ်ဖြည့်အသင်းများဟုသတ်မှတ်ထားသောအင်ဒိုနီးရှားနှင့်ဥဇဘက်ကစ္စတန်အသင်းတို့မမျှော်လင့်ဘဲ အနိုင်ပွဲများရရှိခဲ့သဖြင့်အံ့အားသင့်စရာများဖြစ်ခဲ့ရသည်။ အင်ဒိုနီးရှားသည် ခံစစ်လုံအောင်ကစားပြီးတန်ပြန်တိုက်စစ်ဖြင့်ရှေ့တန်းတိုက်စစ်မှူးများက ကြုံသလိုဂိုးသွင်းနိုင်ကြသည်။

အင်ဒိုနီးရှားနည်းပြ ကိုလက်ဖ်ကလည်းမိမိလူများကစားမှုနှင့်ပတ်သက်ပြီး ကျေနပ်မှုရှိကြောင်းနှင့်ကာတာအသင်းကိုပွဲဦးထွက်အနိုင်ရရှိခြင်းသည်အောင်မြင်မှုတစ်ရပ်ပါဟုပြောကြားခဲ့သည်။

တရုတ်နှင့်အင်ဒိုနီးရှားတို့ ဘောလုံးပြိုင်ပွဲ ခြောက်ပွဲ ယှဉ်ပြိုင်ကစားခဲ့ဖူးရာတွင်ခြောက်ပွဲစလုံးတရုတ်အနိုင်ရရှိခဲ့သည်မှာ မှတ်တမ်းရှိနေသည်။ အဆိုပါ ရလဒ်များကို ချေဖျက်ရန် အင်ဒိုနီးရှားတို့ တော်ရုံကြိုးစား၍ရမည်မဟုတ်ပေ။ အင်ဒိုနီးရှားအသင်းအပေါ် တရုတ်ကငယ်နိုင်လိုဖြစ်နေရာ တရုတ်ကစားကွက်အောက်တွင် အင်ဒိုနီးရှားတို့ အသည်းအသန် ရုန်းကန်ဖွယ် ရှိနေသည်။ ။

(မြန်မာ့အလင်း)

ပါရီမြို့ရှိမြန်မာဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ပြင်သစ်ဆရာတော် ဣန္ဒနီ့ သာ အရှင်နန္ဒသီရိဦးစီး၍ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ရာ သဒ္ဓါကြည်ညို ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဒေါ်အောင်ကြည်(ဒုတိယညွှန်ကြားရေးမှူး) သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဖုန်း-၆၆၅၃၆၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ Mikko Coffee Mix က ပံ့ပိုးကူညီသည့် ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားအငယ်တန်းပွဲစဉ်တွင် အုပ်စု(က)မှ အထက(၃)ဗဟန်းအသင်းက ဗဟိုလူငယ်အသင်းကို ၃၃ မှတ်-၁၆မှတ်ဖြင့်လည်းကောင်း၊ အမျိုးသားအကြီးတန်းပွဲစဉ်တွင် အုပ်စု(က)မှ ဂါးဂါး(က)အသင်းက စက်မှု(၁)(ခ)အသင်းကို ၈၇မှတ်-၃၉မှတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပတ်လည်ပွဲစဉ်တွင် စက်မှု(၁)(က)အသင်းက ပြည်ထဲရေးအသင်းကို ၃၇မှတ်-၃၄ မှတ်ဖြင့်လည်းကောင်း၊ အမျိုးသားအကြီးတန်းပွဲစဉ်တွင် အုပ်စု(ဂ)မှ တပ်မတော်(ရေ)အသင်းက KKSအသင်းကို ၈၁မှတ်-၄၆မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသားအကြီးတန်းပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ဇူလိုင်၂၂ရက်(ယနေ့)တွင် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဂါးဂါး(က) အသင်းနှင့် တပ်မတော်(ရေ)အသင်း၊ ရန်ကုန်တိုင်းအသင်းနှင့် ရှုဒိုးအသင်း၊ စက်မှု(၁)(က)အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ ဂါးဂါး(ခ) အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အမျိုးသမီးပတ်လည်ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ပြည်ထဲရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အားကစားအဖွဲ့ သရုပ်ပြယှဉ်ပြိုင်ပွဲခရီးထွက်မည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာ့ပိုက်ကျော်ခြင်းအားကစား တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကျယ်ပြန့်ကာ ပြည်သူများအကြား နည်းစနစ်များပြန့်ပွားပြီး မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာနိုင်ရန်အတွက်နှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိကြသည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအား ဒေသန္တရဗဟုသုတရာမှီး၍ အပန်းဖြေနိုင်စေရန်တို့ကို ရည်ရွယ်ပြီး ဇူလိုင် ၃၀ ရက်မှစ၍ ဩဂုတ် ၄ ရက်အထိ တောင်ကြီး၊ မိတ္ထီလာ၊ တောင်ငူနှင့် ပဲခူးမြို့များသို့ လှည့်လည် သွားရောက်၍ သရုပ်ပြယှဉ်ပြိုင်ပွဲများ ပြုလုပ်သွားရန် စီစဉ်ထားရှိပြီး ဖြစ်သည်။

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အားကစားအဖွဲ့တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း၊ အတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုးဆန်းအောင်တို့က ဦးဆောင်ပြီးအုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများ စုစုပေါင်း အမျိုးသား၊ အမျိုးသမီးအင်အား ၄၀ ပါဝင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

အာရှဖလားဘောလုံးပြိုင်ပွဲဆက် ဂျပန်နှင့်အီရန်အသင်းတို့ အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၄ ခုနှစ် အာရှဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေ ပိုင်းတွင် တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ အုပ်စု(ဂ)မှ ဂျပန်အသင်းက အိုမန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အီရန်အသင်းက ထိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဂျပန်နှင့်အိုမန်ပွဲတွင် ဂျပန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန်၃၃မိနစ်တွင် နာကာမူရာက သွင်းယူပေးသည်။ အီရန်က ထိုင်းကိုအနိုင်ရရှိသောပွဲတွင် အီရန်အသင်းအတွက် အီနာရာတီက မိနစ် ၇၀တွင် ပထမဂိုး၊ နီကိုရူနန်က မိနစ် ၈၀တွင် ဒုတိယဂိုး၊ အလီဒါယီက ၈၆မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် တတိယဂိုးသွင်းယူပေးသည်။

အုပ်စု(ဂ)တွင် လက်ရှိချန်ပီယံဂျပန်နှင့် နာမည်ကြီးအီရန်တို့ တစ်ပွဲနိုင်သုံးမှတ်ဖြင့် ဦးဆောင်လျက်ရှိပြီး အုပ်စုတက်ရန်အလားအလာကောင်းလျက်ရှိသည်။ အိုမန်နှင့် ထိုင်းတို့အမှတ်မရသေးဘဲ အုပ်စုတက်ရန် အလားအလာ မှေးမှိန်လျက်ရှိသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်သည် ဇူလိုင် ၁၈ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပသော မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင် အစည်းအဝေး (၅/၂၀၀၄)သို့ တက်ရောက်အမှာ စကားပြောကြားပြီး အဖွဲ့ချုပ်အတွက် အလှူငွေကို လက်ခံသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်နိုင်၊ ဦးကျော်ကျော်လှိုင်၊ ဦးမောင်မောင်(ရွှေကမ္ဘာ)၊ အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းနှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးစံတင်အောင် (ရွှေဘို)က မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည် ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က အမှာစကား ပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်မည်

ထို့နောက် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်က ကြီးမှူး၍ စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ် ဟော်ကီပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်အသင်း ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဘင်္ဂလားဒေ့ရှ်၊ အိုမန်၊ အီရန်၊ အာဖဂန်နစ္စတန်၊ စင်ကာပူနှင့် မြန်မာနိုင်ငံ အပါအဝင် ခြောက်နိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းက ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ကြီးအောင်ကြည်ဝင်းက တပ်မတော်ဟော်ကီအသင်းနှင့် အသက်(၂၁)နှစ်အောက် မြန်မာ့လက်ရွေးစင်လူငယ်အသင်းတို့ စခန်းသွင်းမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ချုပ်အမှုဆောင်များက မြန်မာ့ဟော်ကီအားကစား တိုးတက်မြင့်မားလာစေရေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်လူငယ်အသင်း အောင်မြင်မှုရရှိရေးအတွက် အကြံပြုဆွေးနွေး တင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်ရှိ သတ္တဋ္ဌာန ဗုဒ္ဓခုနစ်ဆူရုပ်ပွားတော်များ တည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ မူလပဓာန နာယက (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင်လယ်တီဆရာတော်ကြီးအား ရည်စူး၍ ကျောင်းတိုက်ကြီး၌ ဝါဆိုဝါကပ်တရားဘာဝနာ အားထုတ်တော်မူကြသော သံဃာတော်၊ သီလရှင် ဆရာကြီး၊ ယောဂီများအား တပည့် ဒါယကာ ဒါယိကာမများမှ စုပေါင်းကာ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဝတ်စုံကပ်လှူပူဇော်ပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဇူလိုင် ၃၁ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း-၅၆၀၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရေကြည်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရေကြည်မြို့နယ်အသင်း (ရန်ကုန်)မှ ရန်ကုန်မြို့တွင် သီတင်းသုံးနေကြသော ရေကြည်မြို့နယ်ဇာတိ ဆရာတော်ကြီးများအား (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် သရက်တောတိုက် စိတ္တသုခကျောင်း လမ်းမတော်မြို့နယ်တွင်ပြုလုပ်မည်ဖြစ်ရာ လှူဒါန်းပူဇော်လိုသူများသည် ဥက္ကဋ္ဌ ဦးကြည်ဝင်း ဖုန်း- ၂၈၃၈၆၂၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း- ၂၁၁၀၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ မြင်းခြံမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ
ဦးကောင်း(ခရိုင်ပညာရေးမှူး၊ မြင်းခြံမြို့)-ဒေါ်ယဉ်ယဉ်(အလပြ၊ အထက-၁၊ မြင်းခြံမြို့)
တို့၏ သားလတ်

ဗိုလ်ကြီးနိုင်စိုး B.E (EC), DSTA

M.E (Automation & Electronics), MEPhI, Moscow

နှင့်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (W-၁၉)၊ မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာနေ
ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန် (ငြိမ်း)၊ (ဒုတိယအထွေထွေမန်နေဂျာ၊
ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ M.B.L)-ဒေါ်မြမြသိန်း(ကျောင်းအုပ်၊
အထက-၄၊ ဗိုလ်တထောင်)တို့၏တစ်ဦးတည်းသောသမီး

မမေသော်တာမောင်

B.Sc(Hons:), M.Sc(Engineering Physics, Year II)

တို့၏ ၁၇-၇-၂၀၀၄ ရက်(စနေနေ့)တွင် ယုဇနဥယျာဉ်ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လှိုင်နှင့် ဇနီး ဒေါ်ခင်ဝင်းနွယ်၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခ ဒေါက်တာစိန်ထွန်း (Dean of Engineering)နှင့်ဇနီး ဒေါ်တင်မူသိန်း၊ မင်္ဂလာရွှေဆွဲကြိုး ဆင်မြန်းပေးသော ပါမောက္ခ ရှေ့နေချုပ်(ငြိမ်း)ဦးလှအောင်နှင့် ဇနီးဒေါ်မြမြထွန်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ မေတ္တာဖြင့်ပန်းကြဲပေးသော မဇင်မာထူး၊ မင်္ဂလာပန်းကုံး၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာဆွဲကြိုးဗန်းများ ကိုင်ဆောင်ပေးကြသော မယွန်းမီမျိုးကျော်၊ မအိအိဖြိုး၊ မမြမ္ဘူဝင်းလတ်၊ သတို့သားအရန် ဗိုလ်ကြီးနေထက်၊ သတို့သမီးအရန် မတင်တင်မျိုးလွင်၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မိတ်ကပ်နှင့် ဆံပင်ပြုပြင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးကြသော အထက(၄) ဗိုလ်တထောင်နှင့် အထက(၁)လှိုင်သာယာမှ ဆရာမများနှင့် သူငယ်ချင်း သူဇာ၊ မယ်အိ၊ မျိုး၊ ဖြိုး၊ ငြိမ်းချမ်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးနိုင်စိုး-မမေသော်တာမောင်။

မင်္ဂလာဆုတောင်း

ဗိုလ်ကြီးနိုင်စိုးနှင့် သော်တာတို့၏ ၁၇-၇-၂၀၀၄ရက် မင်္ဂလာနေ့မှသည် သက်ဆုံးတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ပျော်ရွှင်ဖွယ်မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

သူငယ်ချင်းများ-

မြတ်သူဇာထွန်း၊ အိအိဖြိုး၊ တင်တင်မျိုးလွင်၊ တင်တင်ဖြိုးလွင်၊ ခင်ငြိမ်းချမ်း။
M.Sc (Engineering Physics, Year II)။

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အများသိစေရန်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်၃၀တွင် **"မိုးမဟာတာယာ ရောင်း/ဝယ်ရေး လုပ်ငန်း"**အား ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းအောင် ၁၂/မဂတ(နိုင်)၀၀၀၅၈၈က တစ်ဦးတည်း ကိုယ်ပိုင်လုပ်ငန်းအဖြစ် ၂၀၀၀ပြည့်နှစ်ခန့်မှစ၍ ယနေ့တိုင် ဥပဒေနှင့်အညီ အသက်မွေးဝမ်းကြောင်းပြုလျက်ရှိပါသည်။ဖော်ပြပါ တာယာရောင်း/ဝယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍လုပ်ငန်းပိုင်ဆိုင်မှုအပါအဝင် ဦးဇော်ဝင်းအောင်၏ ဂုဏ်သရေနှင့်အကျိုးစီးပွားကို ယုတ်လျော့စေရန် မသမာတီးတိုးပြောဆိုခြင်း၊ မမှန်မကန်စွပ်စွဲခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီတရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ **ဦးဇော်ဝင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်မြတ်ထွဋ် H.G.P.,LL.B တရားရုံးချုပ်ရှေ့နေ**
အမှတ်၉(မြေညီထပ်)၊၃၄လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



လေအေးပေးစက်အင်ဂျင်နီယာဖြစ်နိုင်သည့်အခွင့်အရေး

စတင်ဖွင့်လှစ်မည့်ရက်	-	၂၅-၇-၂၀၀၄
သင်တန်းသားဦးရေ	-	၂၀ဦး
သင်တန်းအမျိုးအစား	-	အခြေခံပညာ အထက်တန်းအဆင့်ရှိသူများ တက်ရောက်နိုင်ပြီး မော်ဂျူး(၁)နှင့် မော်ဂျူး(၂) သင်တန်းကာလ လေးလပြီးဆုံးပါက City & Guilds (UK) မှ Level-3 အဆင့် Diploma ရရှိမည်ဖြစ်ပါသည်။
ဆက်သွယ်ရန်	-	Novel Win Engineering Centre **အမှတ်(၇)၊ မြေညီ၊ ဝတ်ကျောင်းလမ်း ရေကျော်၊ ပုဇွန်တောင်မြို့နယ်။**

ပဲခူး တိုင်းညောင်လေးပင်မြို့နယ် မိုးရာသီဈေးရောင်းပွဲတော်ကို ဇူလိုင်၁၈ရက်နံနက်က မြို့နယ်သီရိရတနာ ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမင်းလွင်စိုးနှင့် **Power Right Group** မန်နေဂျင်းဒါရိုက်တာ ဦးမျိုးကျော်စွာအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ဥ၃၄)

အမြို့မြို့ အနယ်နယ် သတင်းများ

မျိုးဆက်ပွား ကျန်းမာရေးဆင့်ပွားသင်တန်း ကလေးမြို့၌ဖွင့်

ကလေး ဇူလိုင် ၈

စစ်ကိုင်းတိုင်း ကလေးမြို့နယ်မျိုးဆက်ပွားကျန်းမာရေး ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်နံနက်က နေရဦရာ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနာယက ဒေါ်ထားအိလှိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ဇူလိုင်၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ရာ **(အောက်ပုံ)** အဆိုပါ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အသင်းခွဲများမှ အမှုဆောင်များနှင့်အသင်းဝင်ကိုယ်စားလှယ်အမျိုးသား၁၅ဦးနှင့် အမျိုးသမီး၃၀တို့ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျပန်းစကားပြောပြိုင်ပွဲ ကျိုင်းတုံမြို့၌ ကျင်းပ

ကျိုင်းတုံ ဇူလိုင် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသောအားဖြင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇွန် ၂၃ ရက်က ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံ ပညာ အထက်တန်းကျောင်း သံလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲတွင် 'ပုခက်လွှဲသော မိခင်၏လက်သည် ကမ္ဘာကိုအုပ်စိုးအံ့'၊ 'ခေတ်မီတည်ဆောက်ရေး အမျိုးသမီးများ စွမ်းဆောင်ပေး' နှင့် 'မြန်မာနိုင်ငံအမျိုးသမီးများနှင့် မျိုးနွယ်စောင့်ရှောက်ရေး' ဟူသော ခေါင်းစဉ်သုံးမျိုးဖြင့် အစိုးရကွန်ပျူတာ ကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရ ဒီဂရီကောလိပ်တို့မှ ကျောင်းသူများ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

(ခရိုင် ပြန်/ဆက်)

ဇူလိုင် ၇ရက်က ကျောက် ပန်းတောင်း မြို့ နယ် **စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်မြမြထွေး ဦးဆောင်သော ဝန်ထမ်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ သီရိမင်္ဂလာ ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ကြစဉ်။**

(မြို့နယ်စည်ပင်)

ဇူလိုင်၁၁ရက်က သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ပျဉ်းမနား ထုံးကျောက် သတ္တုတွင်း၏ ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို သတ္တုတွင်းရုံးခန်းမ၌ ကျင်းပရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်သိမ်းက ဝန်ထမ်းများ၏ သားသမီးကျောင်းသူ ကျောင်းသား ၂၁ဦးတို့အတွက် ထောက်ပံ့ငွေနှင့် စာအုပ်များပေးအပ်စဉ်။(က-ပ)

တနိုင်းမြို့တွင် စုပေါင်းသန့်ရှင်း

တနိုင်း ဇူလိုင် ၆

တနိုင်းမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းပန်ဆောင်လီဒိုလမ်းမကြီး ဘေးဝဲယာတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ရှင်းလင်းခြင်းကို ဇူလိုင်၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်း များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများဖြင့် စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်၊ စည်ပင်သာယာအမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနေလင်းတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေး ဈေးအတွင်းအပြင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းသန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြတ်ထွန်းနှင့် ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း ဆောင်ရွက်ကြစဉ်။ (က-ပ)

မြန်မာအမျိုးသမီးနေ့ဂုဏ်ပြု သရက်မြို့၌ သစ်ပင်စိုက်ပျိုး

သရက် ဇူလိုင် ၅

မြန်မာနိုင်ငံ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအထိမ်းအမှတ်အဖြစ် သရက်မြို့ ဂေါက်ကွင်းတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ သစ်ပင်စိုက်ပျိုးပွဲကို ဇွန်၂၆ရက် နံနက် ၇နာရီက ကျင်းပရာ တိုင်းအမျိုးသမီးရေးရာခရိုင်ကိုယ်စားလှယ် ဒေါ်နီလာမြင့်ဦး ဆောင်၍အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ခရိုင်နှင့် မြို့နယ် အသင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်း ဟောင်းများနှင့် ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ကျွန်းပင်၊ သစ်ဆိမ့်ပင်နှင့် အရိပ်ရပင် ၃၅၀၀ ခန့်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(အောက်ပုံ) (ခရိုင်ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခနော့ဖြူမြို့နယ်တွင်ဆွေးနွေးဟောပြော

ခနော့ဖြူ ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ခနော့ဖြူမြို့ တေဇခန်းမတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဦးအောင်ဇင်ဦးက မြန်မာအမျိုးသမီးများနေ့အကြောင်း သိကောင်းစရာများကိုပြောကြားပြီး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးများနှင့်အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်၊ ဆေးပညာနှင့် အကြမ်းဖက်မှုကာကွယ်ရေး၊ မြန်မာအမျိုးသမီးများနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာ၊ မြန်မာအမျိုးသမီးများနှင့် မြန်မာ့တိုင်းရင်းဆေးပညာ၊အမျိုးသမီးများနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး အကြောင်းအရာများကို အသီးသီး ဟောပြောဆွေးနွေးကြကြောင်း သိရသည်။

(အပေါ်ပုံ) (က-ပ)

မြန်မာ့အသံ

၂၂-၇-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကာဗွန်ဒိုင်အောက်ဆိုဒ်အရည် အငွေ့အခဲများထုတ်လုပ်မှု အကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ဝေးလေကောင်းလေ (အရှင်ဆန္ဒာဓိက- ရွှေပါရမီတောရ)
(၂)သိရန်မှတ်ရန် လေ့လာရန် (ပဉ္စမတွဲ) (ဆရာဦးသိန်းလွင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ကောင်းကင်က နတ်မျက်စိ- မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ(သခွားသီးသုတ်နှင့် ကြောင်လျှာသီးသုတ်)
၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတရေးရာဖြေကြားလွှာ
၁၈း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ဒိုင်းသဖွယ်)
၁၈း၄၀ နှောင်းတေးထံတျာ

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကမ်းနားအနောက်ရပ်ကွက်မှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင်၁၅ရက်တွင် ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးရဲထွင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးလှထွန်းသို့ ပေးအပ်စဉ်။ (က-ပ)

ပုဂံဘုရားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ကုသိုလ်ရှင်၊ အလှူရှင်များ ပါဝင်လှူဒါန်းရန်ဖိတ်ခေါ်

မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံ-ညောင်ဦးရှိ ရှေးဟောင်းစေတီပုထိုးများမှာ ငလျင်ဒဏ်၊ သဘာဝရာသီဥတုဒဏ် အမျိုးမျိုးတို့ကြောင့် ပျက်စီးယိုယွင်းလျက်ရှိရာ ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ၁၉၉၆ခုနှစ်မှစ၍ စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် စေတီပုထိုးပေါင်း ၁၁၇၅ဆူတို့ကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ပြုပြင်ရန် ကျန်ရှိနေသော ဘုရားပုထိုးများနှင့် အုတ်ကုန်းဘုရား ၂၆၈ဆူတို့ကိုလည်း အလှူရှင်များပေါ်ပေါက်ပါက အင်္ဂါစုံ ဆက်လက်ပြုပြင်သွားမည် ဖြစ်ပါသည်။

ထပ်မံရှာဖွေတွေ့ရှိထားသော အောက်ဖော်ပြပါ ဂူဘုရားကြီး ရှစ်ဆူတို့မှာ ပျက်စီးယိုယွင်းလျက်ရှိရာ အင်္ဂါစုံ ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်သွားနိုင်ရန် ကုသိုလ်ရှင်၊ အလှူရှင်များ ကုသိုလ်ယူပါဝင် လှူဒါန်းကြပါရန် ဖိတ်ခေါ်နိုးဆော်အပ်ပါသည်။ ပြန်လည်ပြုပြင်တည်ဆောက်မည့် ဘုရားပုထိုးစေတီများ၏ ပုံတော်များကို နေ့စဉ်ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်-

	ဘုရားအမှတ်	စေတီပုထိုးအရွယ်အစား			ခန့်မှန်းကုန်ကျမည့်ငွေ
		အလျား	အနံ	အမြင့်	
(၁)	ဘုရားအမှတ် (၉၃၀)	၅၃'-၀"	၃၇'-၀"	၅၅'-၉"	ကျပ် သိန်း (၂၅၀)
(၂)	ဘုရားအမှတ် (၁၀၉၅/က)	၃၂'-၀"	၂၄'-၀"	၄၆'-၀"	ကျပ် သိန်း (၇၀)
(၃)	ဘုရားအမှတ် (၁၁၅၆)	၂၉'-၀"	၂၉'-၀"	၅၀'-၀"	ကျပ် သိန်း (၆၀)
(၄)	ဘုရားအမှတ် (၁၂၂၈/က)	၁၅'-၀"	၂၉'-၀"	၃၀'-၀"	ကျပ် သိန်း (၃၀)
(၅)	ဘုရားအမှတ် (၁၆၂၅)	၂၆'-၀"	၂၆'-၀"	၄၈'-၀"	ကျပ် သိန်း (၈၀)
(၆)	ဘုရားအမှတ် (၁၂၅၇)	၁၉'-၆"	၁၉'-၆"	၄၀'-၀"	ကျပ် သိန်း (၅၀)
(၇)	ဘုရားအမှတ် (၂၆၃၈)	၅၀'-၀"	၃၁'-၆"	၅၂'-၀"	ကျပ် သိန်း (၂၀၀)
(၈)	ဘုရားအမှတ် (၂၆၅၄)	၁၄'-၆"	၁၄'-၆"	၂၉'-၀"	ကျပ် (၂၅) သိန်း

လှူဒါန်းနိုင်သည့် နေရာ/ဌာနများ

(၁) ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး) - ဖုန်း- ၅၄၃၂၃၅၊ ၅၄၃၂၃၃ ၅၄၁၇၆၇

(၂) ရှေးဟောင်းသုတေသနဦးစီးဌာန (ရုံးချုပ်) - ဖုန်း- ၅၁၂၁၄၀၊ ၅၁၂၁၃၉

(၃) ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ (ပုဂံမြို့) - ဖုန်း- ၀၆၁- ၆၀၂၆၉

ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနဦးစီးဌာန။

သစ်ပင်စိုက်ပျိုး

ဇူလိုင် ၁၁ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်း ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးကြစဉ်။ (က-ပ)



ဆုချီးမြှင့်

ဇူလိုင် ၁၅ရက်က လှိုင်မြို့နယ် မြို့နယ်ပညာရေးမှူးဖလား မူလတန်းဆင့် အသက်၁၀နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို အမက(၂၆) လှိုင် အားကစားကွင်းတွင် ကျင်းပရာ ပထမဆုရရှိသော ကျောင်းအုပ်စု (၅) အသင်းအား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ရီမြင့်က ဆုချီးမြှင့်စဉ်။ (က-ပ)

လက်ခံရယူ

စေတနာ နဒီအဖွဲ့က ဖြဟ္မ ဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ် ၅၅၀၀၀၀ ကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံရယူစဉ်။ (က-ပ)

အနုပညာဆန်သော ဘောလုံးအတတ်ပညာ ဘောလုံးလောက၌ မပျောက်ကွယ်နိုင်

ပေကျင်း ဇူလိုင် ၁၈

အနုပညာဆန်သောဘောလုံးသည် ကမ္ဘာ့ဘောလုံးလောကမှ ဘယ်တော့မှ မပျောက်ကွယ်နိုင်ကြောင်း ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌ ဆပ် ဘလတ္တာ**(ယာဘုံ)**က စနေနေ့တွင် ပေကျင်းမြို့သို့ ရောက်ရှိစဉ် ပြောကြားသည်။

ဆင်ဟွာသတင်းဌာနက ဆပ်ဘလတ္တာအား တွေ့ဆုံမေးမြန်းရာတွင် "အနုပညာဆန်သော ဘောလုံးလောက တိမ်မြုပ်ပျောက်ကွယ်သွားပြီလားဆိုသည့် မေးမြန်းချက်ကို ဆပ်ဘလတ္တာက ငြင်းဆိုလိုက်သည်။ ၁၉၈၂နှင့် ၁၉၈၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဘရာဇီးကဲ့သို့ အသင်းများ နောက်တစ်ဖန်ပေါ်ပေါက်မလာဟု မဆိုနိုင်ကြောင်း" ၎င်းက ပြောကြားလိုက်သည်။

"ယင်းကိစ္စကို မိမိအနေဖြင့် သဘော မတူချင်ပါဘူး။ ဘောလုံးကလုံးဝ ပြောင်းလဲခဲ့ပြီပဲ။ ဘရာဇီးလူမျိုးများဟာ ဘောလုံးကွင်းသို့ရောက်ရှိလာကြကာ လူတွေက ဘောလုံးသမားတွေကို အနုပညာရှင်တွေလိုပင် ခေါ်ခဲ့ကြသေးတယ်"ဟု ဘလတ္တာက ပြောကြားသည်။

ယခုခေတ် နည်းပညာပိုင်းမှ ဘောလုံးသမားအားလုံးသည် အနုပညာရှင်များ ဖြစ်ကြကြောင်း၊ သူတို့သည် နည်းပညာရှိကြောင်း၊ သူတို့သည် ဘောလုံးကို ထိန်းခြင်း၊ ရပ်တန့်ခြင်းနှင့်ကစားခြင်းတို့ပြုလုပ်နိုင်ကြကြောင်း ၎င်းကဆိုသည်။

ဘောလုံးအားကစားနည်းသည် တိုက်စစ်နှင့်ခံစစ်အကြား အကွာအဝေးများမရှိလျှင် အလွန်ပွဲကျပ် ဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍ ကစားပွဲတိုးတက်ရန် ဘောလုံးအနုပညာရှင်များအဖို့ အကွက်ဟာမှုနည်းကြကြောင်း ၎င်းက ဆိုထားသည်။ ယနေ့ဘောလုံးလောကတွင် အနုပညာရှင်များ အများအပြားရှိနေ သေးကြောင်း၊ ၎င်းတို့မှာ ဇီဒန်း၊ ရာအူးလ်၊ ဖီဂို၊ ဘက်ခမ်းတို့ပင် ဖြစ်သည်ဟုဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ထိပ်တန်းတင်းနစ်မယ်များ အကြိုဗိုလ်လုပွဲရောက်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၈

ထိပ်တန်း တင်းနစ်မယ်များဖြစ်သည့် ဗီးနပ်ခ်ဝီလီယမ်နှင့် လင်ဆေး ဒါဗင် ပို့စ်တို့သည် သောကြာနေ့က ကယ်လီဖိုးနီးယားပြည်နယ် စတန့်ဖို့၌ ကျင်းပသော ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲများတွင် ဆီမီးဖိုင်နယ်ပွဲများသို့ ရောက်ရှိသွားပြီဖြစ်သည်။

ဗီလီယမ်သည် အစ္စရေးမှ အင်နာ စမတ်နီဗာကို ၆-၀၊ ၆-၃ ဖြင့်လည်းကောင်း၊ ဒါဗင်ပို့စ်သည် အမေရိကန်မှ မတ်ချ်ဟိုနာကို ၆-၄၊ ၃-၆၊ ၆-၁ ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာတစ်လွှား အားကစား

ကင်ညာအပြေးသမား မီတာ ၈၀၀ စံချိန်တင်

မက်ဒရစ် ဇူလိုင် ၁၈

ကင်ညာမှ ဝဲလ်ဖရက်ဘန်ဂျိုင်းဆိုသော အပြေးသမားသည် စနေနေ့က မက်ဒရစ်မြို့၌ ပြုလုပ်သော အိုင်အေအေအက်ဖ် စူပါဂရင်းပရစ်ဇ် မီတာ ၈၀၀ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာ တစ်မိနစ် ၄၃ဒသမ၇၃ စက္ကန့်ဖြင့် ယခုနှစ် ကမ္ဘာ့အမြန်ဆုံးအချိန်ကို စံချိန်ချိုးလိုက်သည်။ ဘန်ဂျိုင်းသည် ၂၀၀၁ခုနှစ် ကမ္ဘာ့ချန်ပီယံ ငွေတံဆိပ်ဆုရှင် ဖြစ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၀၇ အာရှဖလားဘောလုံးပြိုင်ပွဲ အာဆီယံနိုင်ငံများထဲမှ လေးနိုင်ငံအိမ်ရှင်ဖြစ်မည်

ပေကျင်း ဇူလိုင် ၁၈

၂၀၀၇ အာရှဖလား ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အာဆီယံလေးနိုင်ငံအား အဆိုတင်ပြထားပြီးဖြစ်ကြောင်း အာရှဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)က စနေနေ့က ပြောကြားလိုက်သည်။

ပူးပေါင်းကျင်းပနိုင်

အရှေ့တောင်အာရှမှ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၂၀၀၇အာရှဖလားဘောလုံးပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အေအက်ဖ်စီ အမှုဆောင်ကော်မတီက သဘောတူပြီးဖြစ်လျှင် နောက်ဆုံးဖိုင်နယ်ပွဲစဉ်များကို အတူတကွ ပူးပေါင်းကျင်းပနိုင်မည်ဖြစ်သည်။

အဆိုပါကိစ္စသည် အမှန်ပင်ဖြစ်ကြောင်း အေအက်ဖ်စီဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်မမ်က တရုတ်နိုင်ငံ၌ ၂၀၀၄ အာရှဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနေ့က ရိုက်တာသို့ ပြောကြားသည်။

ထောက်ခံအားပေးသွားမည်

ယင်းကိစ္စသည် အဆင်ပြေချောမွေ့လိမ့်မည်ဟု ထင်မြင်ပါကြောင်း၊ အမှုဆောင်ကော်မတီကလည်း ယင်းကိစ္စကို သဘောတူလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း၊ မိမိအနေဖြင့်လည်း ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

21-7 (16).p65 1 03/26/1905, 9:45 PM

ကြိုဆိုဂုဏ်ပြုခြင်း

သမဝါယမဘဏ်လီမိတက် C B BANK သည် အများနှင့် သက်ဆိုင်သောဘဏ် (Public Bank) အဖြစ် (၁၅-၆-၂၀၀၄) ရက်နေ့မှအစပြု၍ နိုင်မာစွာ ရပ်တည်လျက် အများပြည်သူအတွက်ငွေကြေးဝန်ဆောင်မှုကို အပြည့်အဝ ပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ပိုမိုတိုးတက်အောင်မြင်ပါစေဟု ဆုမွန်ကောင်းဖြင့် လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း…

ဦးဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(U M F C C I)

Internal Remittance

Customer များအတွက် ငွေကြေးဝန်ဆောင်မှုကို ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် သမဝါယမဘဏ်လီမိတက် C B BANK (Public Bank) ၏ ဘဏ်ခွဲ (၁၃) ခု နှင့် ကမ္ဘောဇဘဏ်လီမိတက် KBZ BANK ၏ ဘဏ်ခွဲ (၂၃) ခုတို့တွင် **ပြည်တွင်းငွေလွှဲလုပ်ငန်း** ကို (၂၁-၇-၂၀၀၄) ရက်နေ့မှ စတင်၍ အမြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း -

KBZ BANK ၏ ဘဏ်ခွဲများ

- ရုံးချုပ်ဘဏ် Tel : 01-538075, 538076, 538078, 538079, 538080
- တောင်ကြီးဘဏ်ခွဲ Tel : 081-22410, 24335, 24336
- မင်္ဂလာဈေးဘဏ်ခွဲ Tel : 01-202867, 208054
- မန္တလေး(၁) ဘဏ်ခွဲ Tel : 02-25683, 34077
- လမ်းမတော်ဘဏ်ခွဲ Tel : 01-212763, 212764, 212765
- တာချီလိတ်ဘဏ်ခွဲ Tel : 084-51801, 51805
- ဘုရင့်နောင်ဘဏ်ခွဲ Tel : 01-682298, 682299, 682300
- ရွှေဂုံတိုင်ဘဏ်ခွဲ Tel : 01-558251, 558252, 558253, 558254
- လားရှိုးဘဏ်ခွဲ Tel : 082-23924
- မူဆယ်ဘဏ်ခွဲ Tel : 082-52113, 52114
- ပခုက္ကူဘဏ်ခွဲ Tel : 062-21981, 21982
- ကော့သောင်းဘဏ်ခွဲ Tel :
- မြိတ်ဘဏ်ခွဲ Tel : 059-41405
- တကောင်းဘဏ်ခွဲ Tel : 02-69112
- ပုစွန်တောင်ဘဏ်ခွဲ Tel : 01-299774, 299794
- မောင်တောဘဏ်ခွဲ Tel : 043-23277, 23771, 23772, 23773, 23805
- မန္တလေး(၂) ဘဏ်ခွဲ Tel : 02-30019, 30020
- ဟသ္သာတဘဏ်ခွဲ Tel : 044-21728, 21905
- စစ်တွေဘဏ်ခွဲ Tel : 043-23910, 23911
- မြစ်ကြီးနားဘဏ်ခွဲ Tel : 074-23954, 23955
- ဗန်းမော်ဘဏ်ခွဲ Tel : 074-50079, 50080, 50090, 50100
- ကမာရွတ်ဘဏ်ခွဲ Tel : 01-538072, 538073
- မော်လမြိုင်ဘဏ်ခွဲ Tel : 057-24943, 24945

C B BANK ၏ ဘဏ်ခွဲများ

- ရုံးချုပ်ဘဏ် Tel : 01-371848, 372641, 372646, 372655
- မဟာဗန္ဓုလပန်းခြံလမ်းဘဏ်ခွဲ Tel : 01-245307, 281634, 371924
- ဆိပ်ကမ်းသာလမ်းဘဏ်ခွဲ Tel : 01-240321, 243849, 243850
- လမ်းမတော်ဘဏ်ခွဲ Tel : 01-222982, 222983, 224061, 228853
- စော်ဘွားကြီးကုန်းဘဏ်ခွဲ Tel : 01-643164, 720837
- တောင်ဥက္ကလာပဘဏ်ခွဲ Tel : 01- 571364
- အောင်ပန်းဘဏ်ခွဲ Tel : 081-60107, 60485
- မန္တလေးဘဏ်ခွဲ (၁) Tel : 02-28274, 38174
- မန္တလေးဘဏ်ခွဲ (၂) Tel : 02-39304
- မန္တလေးဘဏ်ခွဲ (၃) Tel : 02-34639, 35920, 39106
- ပျဉ်းမနားဘဏ်ခွဲ Tel : 067-22202, 22484
- တောင်ငူဘဏ်ခွဲ Tel : 054-21914, 21915
- ညောင်လေးပင်ဘဏ်ခွဲ Tel : 052-40249, 50361

ကမ္ဘာအေးစွန်းလွန်း ဝါဆိုသင်္ကန်းကပ်ပွဲ

၁၃၆၆ ခု ဒုတိယဝါဆိုလပြည့် ၃၁-၇-၂၀၀၄ ရက်(စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီအချိန်တွင် ကမ္ဘာအေးစွန်းလွန်း ဆရာတော် အရှင်ဝိနယ အမှူးရှိသော ဝါဆိုသံဃာတော်တို့အား ယောဂီများ စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။

ကမ္ဘာအေးစွန်းလွန်း ပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့။

Three Seasons Centre

Electronic & Computer Accessories

ကို ၁၅-၀၇-၂၀၀၄ မှစ၍ ဖွင့်လှစ်လိုက်ပါပြီ။

သက်သာမှန်ကန် အာမခံ၊

ပိုဆောင်ပြပြင် *Three Seasons*

M.G.W Centre၊

MIN KYAW MIN'S SPOKEN ENGLISH CLASS

သင်တန်းကို ၂-၈-၂၀၀၄ ရက်တွင်စမည်။

9.00 am to 11.30

Multi-media style audio-visual aid

THE NEW LIGHT OF MYANMAR

အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် (၂၁) နေ ဦးထွန်းခင် (ကွယ်လွန်)၏ သားသမီးများဖြစ်သော ဦးခင်မောင်သန်း ၁၂/ တမန(နိုင်)၀၁၆၇၃၁ နှင့် ဒေါ်ခင်အေးကြူ ၁၂/တမန(နိုင်)၀၁၆၇၈၇တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄/စီ(၈၉)၊ မြေကွက်အမှတ် (၂၁၅)၊ ပေ ၃၀ X ပေ ၆၀ရှိ မြေကွက်နှင့် အထက်လိပ်စာပါ အဆောက်အအုံတို့မှ ကျွန်ုပ်တို့၏ အမှုသည်များ၏ ဖခင်ကွယ်လွန်သူ ဦးထွန်းခင်နှင့်ကွယ်လွန်သူ ဦးဘအေး(ခ)ဦးမောင်ကံတို့၏ မိခင်ဒေါ်လွန်းစိန် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက် ဖြစ်ပါသဖြင့် ကျွန်ုပ်တို့၏အမှုသည်များနှင့် ကွယ်လွန်သူ ဦးဘအေး(ခ) ဦးမောင်ကံ၏ အမွေခံစားပိုင်ခွင့်ရှိသူများအတူ ပူးတွဲပိုင်ဆိုင်ကြသည်ဖြစ်၍ ကျွန်ုပ်တို့၏ အမှုသည်များ သိရှိခြင်းမရှိဘဲ လွှဲပြောင်းရောင်းချ၊ ပေါင်နှံခြင်း၊ အိမ်သစ်ဆောက်လုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း၊ တစ်စုံတစ်ရာကိုမျှမပြုလုပ်ရန် အများသိစေရန် သတိပေးတားမြစ်အပ်ပါသည်။

ယခုသတိပေးတားမြစ်ခြင်းကို လိုက်နာခြင်းမရှိဘဲ ပြုမူဆောင်ရွက်လာပါက ကျွန်ုပ်တို့မှ ဥပဒေကြောင်းအရ တရားစွဲဆို အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်ညွန့် (တရားရုံးချုပ်ရှေ့နေ)
အမှတ် ၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်။ ဖုန်း–၃၇၁၇၁၇၊ ၃၇၁၇၅၅

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မုံရွာမြို့ ရုံးကြီးရပ် ရှမ်းအိုးစည်တိုက်နေ ဦးရင်မောင်၏သမီး မညွှန့်ဝေ(ခ)မနန်းခမ်းနွယ် ၅/ဟမလ(နိုင်)၀၀၀၂၅၃ သည် မိဘနှင့် မိသားစုများအား စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုမူဆောင်ရွက်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှအပြီးအပိုင်ဆင်းသွားပြီဖြစ်ပါ၍ အမွေစားအမွေခံ သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝ(လုံးဝ)တာဝန်မယူပါ။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

ဖခင် – ဦးရင်မောင်

အစ်မကြီး– ဒေါ်ခင်လှနှင့် မောင်၊ ညီမများ။

အမည်မှန် အမည်ပြောင်း

လှည်းကူးအထက ဒသမတန်း (G)မှ မသူသူမျိုးထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ၁၂/လကန (နိုင်) ၀၅၅၀၁၆ ဖြစ်ပါ၍ မသူသူမျိုးထက်အား ယနေ့မှစ၍ မသိမ့်သိမ့်ဦးဟု ပြောင်းလဲခေါ်ပါရန်။

ဖခင် ဦးအောင်ဆန်းဦး
သမီး မသိမ့်သိမ့်ဦး။



No. 8, 10, 12 (4 mm∅, 3.25 mm∅, 2.5 mm∅)

E-mail Address: mfwmin@myanmar.com.mm

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်မင်း (A.G.T.I) (M.P) (LL.B) အသက်(၄၈)နှစ် (လ/ထ ညွှန်ကြားရေးမှူး စက်မှုလယ်ယာဦးစီးဌာန ဟသ်ာတခရိုင်၊ ဟသ်ာတမြို့)သည် ၁၆–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စက်မှုလယ်ယာဦးစီးဌာန၊ ဖျာပုံခရိုင်မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ညောင်ဦးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (လက်ထောက် အင်/ယာ) ဦးကျော်ထွင့်တင်၏ဖခင် ဦးတင်လှသန်း ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

G.S.M Mobile ဌာန ဝန်ထမ်းများ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ညောင်ဦးမြို့။

ဒုတိယဗိုလ်မှူးကြီးအုန်းရွှေ (ငြိမ်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၆ (ပထမထပ်-ဝဲ)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်နေ ဦးကို-ဒေါ်သန်းတင်တို့၏သား၊ (ဒေါ်ခင်မေထား)၏ခင်ပွန်း၊ အမှတ် ၂၂၅ (ပထမထပ်-ဝဲ)၊ ဗညားဒလလမ်း၊ မအူကုန်း၊ တာမွေမြို့နယ်နေ ဦးဘုန်းတင့်-ဒေါ်လှကေသီ (တာမွေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)၊ အမှတ် ၁၆၄ (ပထမထပ်-ဝဲ)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇော်ညွန့်-ဒေါ်နီလာဦး(မွေးမြူရေး)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၀၄ရက် နံနက် ၇း၄၀ နာရီတွင် ဇြပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃း၃၀ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးအုန်းရွှေ (ငြိမ်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၆ (ပထမထပ်-ဝဲ)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်နေ ဦးကို-ဒေါ်သန်းတင်တို့၏သား၊ (ဒေါ်အုန်းသန်း)၏ခင်ပွန်း၊ မသီဂီအုန်း-ဦးခိုင်ဝင်းတို့၏ဖခင်သည် ၂၀-၇-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃း၃၀ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင် (မော်လမြိုင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၈၉ လမ်း၊ အမှတ် ၁၁ နေ(ဦးထွန်းရီ)၏ဇနီး၊ ဦးအောင်ငွေးဝင်း-ဒေါ်ခင်ခင်မြ၊ ဦးစိုးဝင်း (ဦးစီးအရာရှိ၊ ဆည်/မြောင်း၊ ပျဉ်းမနားမြို့)-ဒေါ်တင်ငွေးယဉ်၊ ဦးခင်မောင်ဝင်း-ဒေါ်ချောချောငယ်၊ (ဦးဇော်မျိုးဝင်း)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်သိန်းတင် (မော်လမြိုင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၈၉ လမ်း၊ အမှတ် ၁၁ နေ (ဦးဘအေး-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးထွန်းရီ)၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်ခင်သန်းနွဲ့၊(ဦးစံမြိုင်)-ဒေါ်တင်မြိုင်၊(ဦးစိုးမင်း)-ဒေါ်စိန်သွင်၊ (ဦးနေဝင်း-ဒေါ်သန်းတင်)၊ ဦးမောင်မောင်(ခရိုင်ရဲမှူး၊ မြင်းခြံမြို့)-ဒေါ်ခင်ခင်စီတို့၏အစ်မ၊ တူ တူမ ၂၈ ယောက်တို့၏ကြီးတော်သည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ဒေါက်တာဦးကြည်ဝင်း (ပုသိမ်)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇(ခ)၊ မာလာမြိုင်လမ်း၊ ပြည်သာယာရိပ်သာ၊ ဘောက်ထော်၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ(ဦးကင်းဆင်)-ဒေါ်ဝင်းစိန်တို့၏သားကြီး၊ ဒေါ်ကျင်မြ၊ ဒေါ်ညွန့်ဝေတို့၏တူ၊ ဒေါ်ဖြူဖြူဝင်း(ဒုညွှန်မှူး၊ မြန်မာ့ရပ်ရှင်လုပ်ငန်း)၊ ဦးဉာဏ်ထွန်း-ဒေါ်နွယ်နွယ်ဝင်း၊ ဒေါက်တာဦးမျိုးဝင်း (နှလုံးအထူးကု၊ ရန်ကုန်ဆေးရုံကြီး) – ဒေါက်တာဆွေဆွေသက် (အထူးကု)၊ ဦးထွန်းထွန်းလှိုင်-ဒေါက်တာဒေါ်အေးအေးဝင်း၊ ဦးမျိုးသန့်တို့၏အစ်ကို၊ ဦးစိုင်းဘငွေး – ဒေါ်ဝင်းသန္တာ (Total Myanmar)၊ ဒေါက်တာဇော်ဝင်းသန့်-ဒေါက်တာဝင်းနွယ်နီတို့၏ဖခင်သည် ၁၉-၇-၂၀၀၄ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းစိန် (အလုံ)
အသက်(၆၁)နှစ်

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာနေ (ဦးရွှေဘော်-ဒေါ်တင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးသုခ-ဒေါ်ချော)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၂၇ (ခြောက်လွှာ)နေ(ဦးထွန်းထွန်း)၏ဇနီး၊ ကိုမောင်မောင်(2/0,Univam Shipping Co.) – မမျိုးသီတာ (ရေအားလျှပ်စစ်ဦးစီးဌာန)၊ ကိုဇော်မင်း(Chief Cook, Star Shipping Co.)-မညိုညို(ဆည်မြောင်းဦးစီးဌာန၊ရုံးချုပ်)၊ ကိုနိုင်ဝင်းသန့်-မစပါယ်တို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၈-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တစ်နှစ်ပြည့်အလွမ်း
ဒေါ်စန်းစန်း(ခ)ဒေါ်သိန်းသိန်းဆင့် (မြန်မာဖွံ့ဖြိုးအောင်)

အမေကြီး ကွယ်လွန်ခဲ့သည်မှာ ၁၉-၇-၂၀၀၄ရက်တွင် တစ်နှစ်တင်းတင်းပြည့်ခဲ့၍ အမေကြီးအားရည်စူးပြီး ၆-၅-၂၀၀၄ရက်တွင် လောကသရဖူ အောင်တော်မူစေတီတော်မြတ်အား ယက္ကန်းစင်တောင်အနီး မိုးကောင်းကျောင်းတိုက်တွင် တည်ထားကိုးကွယ်၍ ၁၉-၇-၂၀၀၄ ရက်တွင် သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သော ကောင်းမှုအစုစုကို အမျှပေးဝေပါ၏၊ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

ချစ်ခင်ပွန်း-ဦးအောင်ဆန်းနှင့် သားသမီးများ၊ချစ်ညီမ။

ဦးအောင်ကျော် (မြောက်ဦး)
အသက်(၄၆)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တောင်ရပ်၊ လမ်းမတန်းနေ ပူးနှစ်ကောင်ဆေးလိပ်ခုံပိုင်ရှင် (ဦးသာမြအောင်-ဒေါ်စောမြမေ)တို့၏သား၊ အမှတ် ၁၈(ခ)၊ လော်ကားလမ်းမ၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ ဒေါ်ရီရီခိုင်၏ခင်ပွန်း၊ ဦးအောင်ပန်းသာ-ဒေါ်မထွန်းစိန်၊ ဒေါ်ခိုင်စောယဉ်- ဦးသာထွန်းအေး၊ ဦးသိန်းရွှေအောင်-ဒေါ်မတင်ကြည်တို့၏ညီ/မောင်၊ဗိုလ်ကြီးမောင်ရွှေ (ဒုတိယညွှန်ကြားရေးမှူး၊သစ်တောဦးစီး)-(ဒေါ်စောနု)တို့၏အစ်ကို၊ (မောင်အောင်ဆန်းဦး)၊ မသီရိရတနာအောင် (ပနစ်၊ ဓာတုဗေဒ၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်သည် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအုန်းမြင့်
C.D.C No-21360
ဆက်သွယ်ရေးအရာရှိ (WOO & HO Shipping Co., Ltd.)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ် ၆၈ နေ ဦးညို-(ဒေါ်ခင်လှ)တို့၏ သားကြီး၊ (ဦးပါ)-ဒေါ်ဖြူတို့၏သားသမက်၊ဦးတိုးမြင့်-ဒေါ်လုံးစိန်၊ ဦးညွန့်လွင်-ဒေါ်ဘေဘီအေးတို့၏မောင်၊ ဦးသိန်းထွန်း-ဒေါ်သန်းသန်းရီ၊ ဦးခင်ဇော်-ဒေါ်ခင်မာအေးတို့၏အစ်ကို၊ မဇင်မာအောင်၊ မဇင်မာလာမြင့်၊ မောင်ထက်အာကာတို့၏ဖခင်၊ ဒေါ်မြသီ၏ခင်ပွန်းသည် ၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင် (ကျုံမငေးမြို့)
အသက်(၉၃)နှစ်

မရမ်းကုန်းမြို့နယ်၊စော်ဘွားကြီးကုန်း၊အရာရှိကြီးများအဆောင်၊တိုက် ၁၊ အခန်း ၆ နေ (ဦးစိန်ကြည်)၏ဇနီး၊ (ဒေါ်ကြည်)၊ ဦးပါကြီး-ဒေါ်ရီရီ၊ (ဦးလှသန်း)-ဒေါ်နွဲ့နွဲ့ကြည်၊ ဗိုလ်မှူးကြီးမြင့်ကြိုင်-ဒေါ်နန်းစိုးယဉ်မြင့်တို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့) ၁း၁၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (စော်ဘွားကြီးကုန်း နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးတင်စိန် (ခရမ်း)
အသက်(၇၃)နှစ်

ခရမ်းမြို့နေ (ဦးဘိုးညွန့်-ဒေါ်ငြိမ်းရင်)တို့၏သား၊ (ဒေါ်နှင်းခင်)၊ (ဒေါ်နှင်းကြည်)၊ (ဒေါ်နှင်းစိန်)တို့၏မောင်၊ ရန်ကုန်မြို့၊ အမှတ် ၈၆၂၊ ကျော်သူလမ်း ၂၀၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ခင်သိန်း)၏ခင်ပွန်း၊ (ဦးထွန်းတင်)-ဒေါ်ခင်နွယ်ဦး၊ ဒုတိယဗိုလ်မှူးကြီးမြင့်နွယ်(တပ်မတော်-ရေ)-ဒေါ်စိမ်းမြတ်သူ၊ ဒေါ်သင်းသင်းနွယ် (အငယ်တန်း လက်ထောက်မန်နေဂျာ၊ ပရောဂျက်ဌာန၊ MAPT)တို့၏ဖခင်၊ မောင်အောင်ဇင်မျိုး(X-E, TTC)၊ မောင်ထိုက်အောင်မြင့်နွယ်(VI-G၊ အထက-၁၊ဒဂုံ)၊ မဟေမန်ထွန်း(VI-A၊ အထက-၂၊ တောင်ဥက္ကလာပ)၊မစိုးယမင်းမြင့်နွယ်(IV-F၊ အထက-၁၊ ဒဂုံ)၊ မောင်ဇင်လင်းထွန်း(I-A၊ အထက-၂၊ တောင်ဥက္ကလာပ)တို့၏ အဘိုးသည် ၂၀-၇-၂၀၀၄ရက် နံနက် ၁၁း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် ၈၆၂၊ ကျော်သူလမ်း ၂၀၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မြကြည်
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၂၃ နေ (ဦးမြမောင်-ဒေါ်သောင်းတင်)၊ (ဒေါ်အေးသန့်)တို့၏သမီး၊ (ဒေါ်ညွန့်စိန်)၏ညီမ၊ (ဦးကျော်ငြိမ်း)၏ဇနီး၊ ဦးသိန်းလွင်-ဒေါ်သန်းသန်းစိန်တို့၏မိခင်၊ မောင်ခင်မောင်သန့်-မလှလှဝင်း၊ မသန္တာလွင်၊ မောင်ဇော်မင်းလွင်-မသန်းသန်းလှ၊ မောင်အောင်မင်းလွင်၊ မောင်အေးမင်းလွင်တို့၏အဘွား၊ မနန္ဒာခိုင်မော်(ဆေးဘက်ပညာသည်တက္ကသိုလ်)၊ မောင်ထက်နိုင်ဘွား၊ မောင်ဉာဏ်လင်းရှိန်(အထက-၂၊ ဗဟန်း)တို့၏အဘွားသည်၂၀-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ငွေသန်း
(မူးရစ်ကြီးရွာ၊ဘီလူးကျွန်း)
(ပြည်ကျော်အထည်ဆိုင်၊မင်္ဂလာဈေး)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၄၀ နေ (ဦးကျော်စိန် – ဒေါ်အမာ)တို့၏ သမီး၊ (ဦးလှကြည်)၏ဇနီး၊ ဗိုလ်မှူးကြီးအောင်ထွန်း(ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်နုတို့၏ညီမ၊ ဦးလှရီ-ဒေါ်ငွေသိမ်း၊ ဗိုလ်မှူးမင်းဉာဏ်ရှိန်(ငြိမ်း)-ဒေါ်မိစုငယ်၊ (ဒေါ်ဝေဒစန္ဒီ)၊ ဦးအောင်တင်-ဒေါ်နန်းခင်သန်းတို့၏အစ်မ၊ ဦးတင်ထွန်း-ဒေါ်တင်တင်အောင်(အောင်ဆုစံရွှေဆိုင်)၊ ဦးဝင်းမြင့်-ဒေါ်သန်းသန်းငွေး (ပြည်ကျော်အထည်ဆိုင်)တို့၏ မိခင်၊ မသဇင်နွယ်ဝင်း (အထက-၄၊ တာမွေ)၊ မဆုရွှေဇင်ဝင်း (အမက-၇၊ တာမွေ)၊ မချိုအေးတို့၏အဘွားသည် ၂၀-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တူပိုး (ဆကာကြီး)
အသက်(၇၅)နှစ်

ဆကာကြီးမြို့၊ (၄)ရပ်ကွက်နေ (ဦးအင်စိန်)၏ဇနီး၊ ဒေါ်အမ်းရှု၊ (ဒေါ်အမ်းဟုံ)၊ ဦးကျင်ထိန်-ဒေါ်သန်းဆွေ၊ ကိုစိန်ဝင်း၊ ဒေါ်ရှုဘီ၊ မခင်ယုမာ၊ မစိစိစိန်၊ မောင်ကံကြည်စိန်တို့၏မိခင်၊ မောင်တင်အောင်၊ မောင်အောင်ရဲလင်း၊ မောင်အောင်သက်ပိုင်၊မဆွေလဲ့မွန်တို့၏အဘွားသည် ၁၉-၇-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် မော်ချောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊တန်ဆောင်းဒါယကာကြီး
ဦးကျော်ဇ (ပုသိမ်)
တိုင်းပညာရေးမှူး (စစ်ဆေးရေး၊အငြိမ်းစား)
အသက်(၆၉)နှစ်

ပုသိမ်မြို့၊ ကန်သုံးဆင့်၊ ဦးပုညလမ်းနေ (ဦးဘသန်း-ဒေါ်လှတင်)တို့၏သား၊ (ဒေါ်မြင့်မြင့်ဝေ)၏ခင်ပွန်း၊ (ဦးခင်ဇော်)-ဒေါ်ရင်မေ၊ ဒေါ်စန်းစန်းကြည်တို့၏အစ်ကိုကြီး၊ မဥမ္မာအေး-ကိုတင့်နိုင်၊ ကိုဝင်းသန့်၊ (ကိုဖုန်းအောင်)-မမြင့်မြင့်ဟန်၊ ကိုအံ့ကျော်-မချောစုအောင်၊ ကိုမိုးကျော်မြင့်တို့၏ဖခင်၊ မသီဂီဦး၊ မအိန္ဒြာအောင်၊ မောင်ကောင်းခန့်ဇော်တို့၏အဘိုးသည် ၂၀-၇-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ပုသိမ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ သစ်ညိုကုန်းသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သထာညို (နတ်မြစ်၊စစ်တွေ)
အသက်(၆၇)နှစ်

စစ်တွေမြို့ (ဦးရွှေဖုံဦး-ဒေါ်သာပွင့်)တို့၏သမီး၊ (ဦးဘဦး-ဒေါ်စိန်ကျော့)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၈၉၂၊ မိဂသီ ၁၈ လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးဘသိန်း)၏ဇနီး၊ဦးသိန်းဦး-ဒေါ်နှင်းအေး၊ ဦးအေးမင်း-ဒေါ်ခင်အေး၊ ဦးစန်းယု၊ ဦးအောင်ထွေး-ဒေါ်စန်းစန်းမေတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၉-၇-၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ယုံ (ထိန်တော)
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၂၁၃၊ (က)ရပ်ကွက်၊ တုသိတာ ၁ လမ်းနေ (ဦးထွေး-ဒေါ်ရွှေသွယ်)တို့၏သမီး၊ ဦးစိန်သောင်း-ဒေါ်အမာကြည်တို့၏ ညီမ၊ ဦးဝင်းကြည်-ဒေါ်သန်းသန်းလွင်၊ ဦးကျော်ဝင်း-ဒေါ်ကြီးမြင့်၊ဦးအုန်းမြင့်-ဒေါ်သန်းသန်းမြင့်၊ ဦးအောင်သူ-ဒေါ်သန်းသန်းဆင့်တို့၏အစ်မ၊ တူ တူမ ၁၀ ယောက်တို့၏အဒေါ်သည် ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ၂နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Tial Chin
အသက်(၄၇)နှစ်

ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ (Pu Phir Tling–Pi Fam Can) တို့၏ စတုတ္ထမြောက်သမီး၊ ထန်တလန်မြို့နယ်၊ ဆိုပွမ်းရွာ [ယခု ၅၉၁၊ ခဝဲခြံ (၁)လမ်း၊ အင်းစိန်မြို့နယ်]နေ ဦးဝင်းဆင်(Pu Winsin)၏ဇနီး၊ Pi Bawi Hnem Sung–Pu Tual Kim, Pa Bawi Cung Nung, Pu Van Hnuai Thang–Pi The Su Mon, Nu Dawt Tha Dim တို့၏မိခင်၊ Pi Cia Thai (သစ်တောရုံးချုပ်)– Rev. Ngun Nawl, (Pu Than Kung), Pu Van Hu–Pi Ngun Cia တို့၏ညီမ၊ (Pi Thein Mya), (Pu Chan Bik), Nu Sui Hniang, Pi Rosaline Hniang Chin (သစ်တောမြောက်ပိုင်း)–Pu Tha Ceu တို့၏အစ်မ၊ Pa Bawi Nun Thang ၏အဘွားသည် ၁၉-၇-၂၀၀၄ရက် နံနက် ၅း၄၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကားများ နေအိမ် အင်းစိန်ကျမ်းစာကျောင်း(MIT)၊ မြောက်ဒဂုံ-မန္တလေးမှတ်တိုင်နှင့် လှိုင်သီရိအိမ်ရာတို့မှ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးသန်းမောင် (ခရမ်း/သုံးခွ)
မင်းကွန်းပဋိပတ္တိ သာသနာ့နုဂ္ဂဟအသင်းကြီး၏နာယက
အသက်(၉၀)

ခရမ်းမြို့နေ ဦးဘိုးကျင်-ဒေါ်ခင်တို့၏သား၊ သုံးခွမြို့နေ ဦးဘိုးဝင်း-ဒေါ်လှတို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၄၂၊ ၉၁ လမ်း၊ ကန်တော်ကလေးနေ ဒေါ်သန်းကျုံ၏ခင်ပွန်း၊ (ဦးဝင်းသိန်း-ဒေါ်လှမြင့်)၊ ဦးအုံးမြ-ဒေါ်စီစီမြင့်(ကျောင်းအုပ်ကြီး၊ အမက-၆၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်ငွေးငွေးမြင့် (ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဗိုလ်မှူးသန်းဆွေ-ဒေါ်သန်းသန်းဝင်း(မေဖလားဝါးဘဏ်)တို့၏ဖခင်၊ ကိုထွေးနိုင်-မချယ်ရီဝင်း၊ ကိုခါနဲကို-မသီဂီဝင်း၊ မောင်မျိုးမြင့်ဝင်း-မသဇင်နွယ်၊ မောင်ကျော်သူဝင်း၊ မခိုင်ညီဝင်း၊ မလင်းနန္ဒာထွန်း(Sakura)၊ မောင်မင်းသူရိန်ထွန်း၊ မသင်းနေခြည်ထွန်း၊ မောင်ပြည့်ဘုန်းဆွေ၊ မဝင်းပပအေးတို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည်၂၀-၇-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတင်အောင်
ခိုင်ဆန်းရာဘာဆန်စက်ဘရိတ်တုံး
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန်(၈)ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၃ နေ (ဦးထွေးရ-ဒေါ်ကျင်မြိုင်)တို့၏သားကြီး၊(ဦးအလီ-ဒေါ်ကျင်ဝှက်)တို့၏သားသမက်၊ (ဒေါ်ရှုရင်)၏ခင်ပွန်း၊ ဒေါ်တင်တင်-(ဦးထျန်ဟုန်း)၊ (ဒေါ်နှင်းမြ-ဦးစိန်)၊ (ဦးကြင်)-ဒေါ်ကျင်လှ၊ ဒေါ်မြင့်ကြည်-(ဦးရွှေတုံး)၊ ဒေါ်ခင်မိုးကြည်-(ဦးချွမ်း)တို့၏အစ်ကို/မောင်၊ ဦးယဉ်အောင်(ခိုင်ဆန်းရော်ဘာလုပ်ငန်း) ဒေါ်အေးသန္တာလွင်တို့၏ဖခင်ကြီး၊ ခိုင်မြတ်နွယ်(Pre II၊ I.L.B.C)၊ ပန်းအိဇင်တို့၏အဘိုးသည် ၁၉-၇-၂၀၀၄ရက် မွန်းလွဲ ၂း၅၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မေ (သဲကုန်းမြို့)
အလပြ(ငြိမ်း)
အသက်(၆၆)နှစ်

ပဲခူးတိုင်း၊ သဲကုန်းမြို့၊ အရှေ့မြို့ပတ်လမ်းနေ ဦးအောင်မြင့်(အထပြ၊ ငြိမ်း)၏ဇနီး၊ ဦးတင့်ဆွေ(ဒုရဲမှူး၊ ပဲခူးတိုင်းရုံး)၊ ဒေါ်ခင်ခင်ငွေး(စာရင်းစစ်မှူး၊ တိုက်ကြီးမြို့နယ် စာရင်းရုံး)၊ ဦးမြင့်သောင်း-ဒေါ်အေးအေးမြင့်(စာရင်းစစ်မှူး၊ ရန်ကုန်တိုင်းစာရင်းရုံး)၊ ဒေါ်မာမာဝေ(စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်မြို့)၊ ကိုမျိုးညွန့်-မသီသီမွန်(သူနာပြုဆရာမ၊ ရေနံဓာတုရုံးချုပ်ဆေးခန်း၊ ရန်ကုန်မြို့)တို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၁၈-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၀၄ရက်တွင် သဲကုန်းမြို့ တည်သီးပြင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးလွင်နိုင်(ခ)ဦးလှမြင့် (ကျိုက်လတ်)
မြို့နယ်ဦးစီးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၄ နေ (ဦးဘရှင်-ဒေါ်ငွေစိန်)တို့၏သား၊(ဦးလတ်-ဒေါ်ခင်ခင်)တို့၏ သားသမက်၊ ဒေါ်ဖြူဖြူ(ဆေး-၁၊ ရုံး၊ငြိမ်း)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်မှုန်၏အစ်ကိုကြီး၊ မတိုးတိုးနိုင် (စည်ပင်ဦးစီး၊ ရုံးချုပ်)၊ ကိုရဲနိုင်(စစစ)-မသန်းသန်းအေး(စစစ)၊ ကိုရန်နိုင်-မစောနန္ဒာ (လွှယ်ဟိန်းကုမ္ပဏီ)၊ ဒုတိယဗိုလ်ကောင်းထွဋ်နိုင်(လှိုင်ကော်)တို့၏ဖခင်၊ မသမုဒ္ဒယရန်နိုင်၏အဘိုး၊ မောင်အေးနိုင်၊ မောင်ဝင်းထွဋ်ဝင်းတို့၏ ဘကြီးသည် ၂၀-၇-၂၀၀၄ရက်တွင် ကန်သာယာဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ကြည်(ခ)
ဒေါ်စိန်စိန် (မင်းလှ)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ် ၃၈၂၊ ဆီအုန်းလမ်းနေ (ဦးဘရှင်-ဒေါ်သိန်းမှီ)တို့၏သမီး၊ (ဦးဘိုးရှိန်-ဒေါ်မယ်တင်)တို့၏သမီးချွေးမ၊ [ဦးအောင်သိန်း(ခ)ဦးလေးဘုန်းကြီး၊ မင်းလှ]၏ဇနီး၊ ဦးရဲထွန်း (Princess Restaurant)-ဒေါ်နီနီမာ၊ ဒေါ်သီတာအောင်(အထပြ၊ အထက-၁၊ ကော့သောင်း)၊ (ဦးတင်ဝင်းအောင်၊ သူဌေးကျွန်းဟိုတယ်)၊ ဒေါ်နီလာအောင်-ဦးစိန်မြင့်(စက်မှုလယ်ယာဦးစီးဌာန၊ရုံးချုပ်)၊ ဦးသန်းထွန်းအောင်(MEPE)-ဒေါ်ခင်ခင်ထွန်း၊ (ဒေါ်ဝါဝါအောင်၊ လဝက၊ ရန်ကုန်တိုင်းဦးစီးဌာနမှူးရုံး)၊ ဦးသန်းထွေးအောင်(အား/ကာဦးစီးအရာရှိ၊ ကြို့ပင်ကောက်မြို့နယ်)၊ ဒေါ်သီတာမြင့်(မြောက်ဥက္ကလာပဆေးရုံကြီး)တို့၏မိခင်၊ မြေး ၂၁ ယောက်၊ မြစ် ၁၂ ယောက်တို့၏ အဘွားသည် ၁၉-၇-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၂၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းကြည် (လေးမျက်နှာ-သုံးဆယ်)
အသက်(၈၀)

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ သုံးဆယ်နေ (ဦးစိန်အေး-ဒေါ်အေးရင်)တို့၏သမီး၊ လှည်းတန်းနေ (ဦးထွန်းလှိုင်-ဒေါ်သန်းကြည်)တို့၏ညီမ၊လက်ပံတန်းမြို့နေ (ဦးညွန့်တင်)-ဒေါ်သိန်းရီ၊ ကြည့်မြင်တိုင်နေ (ဦးမြမောင်)-ဒေါ်ငွေးလှိုင်၊တ/ဥက္ကလာပမြို့နယ်နေ (ဦးကြည်ဝင်း)-ဒေါ်ကြည်သန်း၊ လှည်းတန်းနေ ဦးထွန်းရှိန်-ဒေါ်မေစီ၊ (ဦးတင်ငွေ)တို့၏အစ်မ၊ ရွှေစံပယ်ရိပ်မွန်နေ ဦးတင်ဖေ-ဒေါ်ခင်စန်းဝင်း၊ မှူဆယ်နေ ဦးစိုင်းဝင်းမြင့်-ဒေါ်မြင့်မြင့်ဦး၊ ကျောက်ကုန်းနေ ဦးကျော်သူရ-ဒေါ်ခင်မျိုးစီ၊ လှည်းတန်းနေ ဦးကိုကိုဇော်-ဒေါ်နီလာရှိန်၊ ဦးတင်မောင်အေး-ဒေါ်ဝင်းဝင်းနိုင်၊ ဗိုလ်မှူးစိုးသူနိုင်-ဒေါ်နန်းအေးအေးလတ်၊ တူ တူမ ခုနစ်ယောက်တို့၏အဒေါ်၊ ရန်ကုန်တိုင်း၊မ/ဥက္ကလာပမြို့နယ်၊(၁)ရပ်ကွက်၊ သုမိတ္တာ ၁ လမ်း၊ (ဘိုးဘွား-၁)နေ ဦးရှိန်၏ဇနီး၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၉-၇-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်ခင်လှ (တာမွေ)
ကမာကလိပ်ကျေးရွာ
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ ကမာကလိပ်ကျေးရွာနေ (ဦးဘိန်း-ဒေါ်သင်)တို့၏သမီး၊ ဦးလွန်းမောင်-(ဒေါ်စောညွန့်)တို့၏ညီမ၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မလွှကုန်း၊ ငွေးကြွယ်(က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၂၄ (သုံးလွှာ၊ A)နေ (ဦးထွန်းအောင်၊ ရွှေပန်းထိမ်)၏ဇနီး၊ မသန်းဝင်း၊ မောင်စိန်ဝင်း-မစန်းစန်းကြည်၊ မမြကျင်၊ မောင်သက်ထွန်း၊ မောင်ထွန်းရီ-မစန်းစန်းအေး၊ မအေးသိန်း၊ မောင်ခင်ထွေး-မမြင့်မြင့်ကြည်၊ မအေးသန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့) ည ၁၁း၅၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဦးကုမာရ (မလှိုင်)
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၅၅(က)၊ ချမ်းမြေ့ရိပ်သာကျောင်း၌သီတင်းသုံးသော မလှိုင်ဆရာတော် ဦးကုမာရသည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ ရက် (၁၉-၇-၂၀၀၄ရက်) တနင်္လာနေ့ မွန်းလွဲ ၁၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက် (၂၁-၇-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါသည်။ (ချမ်းမြေ့ရိပ်သာကျောင်းမှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ချမ်းမြေ့ရိပ်သာကျောင်းသံဃာတော်များ၊ တပည့်ဒါယကာ၊ဒါယိကာမများနှင့်ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးဘထိုင် (ထားဝယ်)
(သန်းသန်း ဟင်းမွှေးမဆလာ၊ သရက်သီးသနပ်)
အသက်(၇၂)နှစ်

ထားဝယ်မြို့နေ (ဦးအောင်ဝိုင်ဆင်-ဒေါ်ရှင်မေ)၏သား၊ မြိတ်မြို့နေ (ဦးသင်းအောင်-ဒေါ်ထုပ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၅၁ နေ (ဒေါ်စောနု)၏ခင်ပွန်း၊ ထားဝယ်မြို့နေ ဦးဘဖိုင်-ဒေါ်ကင်ရီ၊ (ဦးအစံ)-ဒေါ်ကင်ဆွေ၊ ဦးမြတ်သိန်း-ဒေါ်ကင်ကြည်တို့၏ညီ/မောင်၊ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)၊ ဒေါ်လှစိန်၊ ဦးမောင်ချို၊ ဒေါ်စိန်ဝင်း၊ ဦးဘော်စိန်၊ ဒေါ်ဥ၊ ဦးကံစိန်-ဒေါ်လှပို၊ ဦးဟိုစိန်-ဒေါ်အုန်းမြင့်၊ ဦးလှမြင့်-ဒေါ်ညွန့်စိန်တို့၏အစ်ကိုသည် ၁၈-၇-၂၀၀၄ ရက် ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၃၅၁၊ မဟာဗန္ဓုလလမ်း၊ ၃၉ လမ်းထိပ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု။

ဦးရွှေထွန်းအောင် (စနဲ၊ ကျောက်ဖြူ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်းနှင့်ဧရာဝဏ်လမ်းထောင့်၊ရမ္မာဝတီအိမ်ရာစီမံကိန်းဝင်းနေ ဒေါ်လုံးကြည်၏ခင်ပွန်း၊(ဒေါ်ကြည်ကြည်အောင်)၊ဦးသိန်းဝင်းကြည်-ဒေါ်လှလှဝင်း၊ ကိုထွန်းထွန်းကြီး(ခ)မောင်ကြီး – မမြင့်မြင့်ဝင်း၊ ကိုထွန်းထွန်းလေး(ခ)မောင်ငယ်တို့၏ဖခင်၊ မောင်နေဇင်လင်း၊ မောင်ချမ်းမြေ့အောင်၊ မောင်သန့်ဇင်မောင်မောင်တို့၏အဘိုးသည်၁၈-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးသွင် (ပြည်)
ဦးစီးမှူး(ငြိမ်း)၊မြန်မာ့ရုပ်ရှင်လုပ်ငန်း
အသက်(၆၃)နှစ်

ပြည်မြို့၊ ရှာဘဲရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးသံဒိုင်)-ဒေါ်ငွေရီတို့၏သား၊ ဦးသက်ညွန့်-ဒေါ်ခင်ဥတို့၏ညီ၊ ဒေါ်ခင်အေးမူ၊ ဒေါ်ခင်အေးကြူ၊ ဒေါ်ဖြူဖြူတို့၏အစ်ကိုသည် ၁၉-၇-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ပြည်မြို့ ကန်သာဦးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကြည်သိန်း (ကျောက်ပန်းတောင်း)
အသက်(၅၆)နှစ်

ကျောက်ပန်းတောင်းမြို့၊ အင်တောကျွတ်ကျေးရွာနေ (ဦးအောင်သူ-ဒေါ်ခို)တို့၏သား၊ ဦးတင်မောင်-ဒေါ်ဝိုင်းတင်၊ ဦးတင်ဆောင်-ဒေါ်တင်ကြည်၊ဒေါ်သန်းကြည်၊ ဦးလှ-(ဒေါ်မြိုင်)၊ (ဦးသန်းအောင်)-ဒေါ်သန်းရီ၊ (ဦးတင်အောင်)-ဒေါ်သောင်းကြည်၊ (ဒေါ်မြအေး)တို့၏ညီ/မောင်၊မင်္ဂလာဒုံမြို့နယ်၊ထောက်ကြန့်မြို့၊ မြောက်ပိုင်းရပ်ကွက်၊ အမှတ်၅၅၊ ပြည်လမ်း၊ ပန်းမြိုင်လယ်နေ ဒေါ်မြင့်မြင့်ခင်၏ခင်ပွန်း၊ ကိုနေမင်းကျော်စွာ၊ ကိုနေမင်းဇော်၊မဥမ္မာထွန်း၊မလတ်လတ်ဇော်၊ ကိုသော်တာဇော်၊မမြတ်သူဇာလွင်၊ မမြတ်နန္ဒာဇော်တို့၏ဖခင်၊ မခင်ခင်ကြီး၊ မအေးချမ်းမိုးတို့၏အဘိုးသည်၁၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ထောက်ကြန့် ရဲစုသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၄ ရက်က **Three Gorges Dam Project** လုပ်ငန်းခွင်စီမံကိန်းရုံးရှေ့၌ တရုတ်ပညာရှင်များနှင့် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်း–ရှေ့ဖုံး) **(သတင်းစဉ်)**

Three Gorges ရေလှောင်တမံစီမံကိန်း ကမ္ဘာပေါ်တွင်အကြီးဆုံးတမံဖြစ် တစ်နှစ်ကီလိုဝပ်နာရီသန်းပေါင်း ၈၄၇၀၀ ထုတ်လုပ်နိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၄ ရက်က **Three Gorges Dam Project** လုပ်ငန်းခွင်၌ ရေအားလျှပ်စစ်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်မှုလုပ်ငန်းနှင့် ထိန်းချုပ်ခန်း၏ လုပ်ငန်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်း–ရှေ့ဖုံး) **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၁၄ ရက်က ရီချန်းမြို့ **World Peace Park** ၌ အမှတ်တရ သစ်ပင်စိုက်ပျိုးပေးစဉ်။ (သတင်း–ရှေ့ဖုံး) **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၄ ရက်က **Three Gorges Dam Project** လုပ်ငန်းခွင်တွင် ယန်စီမြစ်ပေါ်၌ ကျောက်သားတမံတည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး